ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 25 October 2021 ၁၀၅၃၇

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့် ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက ပယ်ချ

(၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ ထုံးစံအတိုင်း တစ်ဖက်သတ်အစီရင်ခံစာများအပေါ် အပြန်အလှန်ဆွေးနွေးမှုများကို ၂၂-၁၀-၂၀၂၁ ရက်တွင် ပြုလုပ်ခဲ့သည်။ ယင်းမတိုင်မီ ၂၁-၁၀-၂၀၂၁ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ယခုတင်သွင်းသည့် အစီရင်ခံစာများသည် ယခင်အစီရင်ခံစာများကို ပုံတူကူးချထားခြင်းသာဖြစ်၍ ထူးမခြားနား ချဲ့ကားတန်ဆာဆင်ပြောစကားများဖြင့်သာ ထပ်နေပြီး ဖြစ်ရပ်မှန်အချက်အလက်များ ပျောက်ဆုံးနေကြောင်း တွေ့ရသည်။ အစီရင်ခံစာနှစ်ခုလုံးတွင် ဖော်ပြထားသည့် သေဆုံးမှုကိန်းဂဏန်းအများစုမှာ "နိုင်ငံရေးအကျဉ်းသားများစောင့်ကြည့်လေ့လာရေးအဖွဲ့(AAPP)" ဟု ခေါ်သည့်အဖွဲ့မှ ရယူခြင်းဖြစ်ပြီး ၎င်းတို့အဆိုအရ AAPP အား ယုံကြည်စိတ်ချရသည့် အရင်းအမြစ်ဟု ညွှန်းထားသည်။ သို့သော် AAPP အဖွဲ့၏ စာရင်းဆိုသည်ကပင် ထိခိုက်ခံစားရသူများ၏ အချက်အလက်များကို စိစစ်အတည်ပြုနိုင်ခြင်း မရှိသဖြင့် ယုံကြည်စိတ်ချရမှုမှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က တင်သွင်းသည့် အစီရင်ခံစာတွင် အဖြစ်အပျက်တစ်ခုချင်းစီအား မည်သည့်နေ့ရက်၊ အချိန်တွင် ဖြစ်ပွားသည်ကို ရှင်းလင်းသေချာစွာ ဖော်ပြထားခြင်းမရှိဘဲ သိမ်းကျုံးစွပ်စွဲချက်များကိုသာ အခြေခံထားသည်။ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအတွင်း သိသာသည့် ဆုတ်ယုတ်မှုများမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ရလဒ်အပေါ် တပ်မတော်၏ သဘောထားကွဲလွဲမှုကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယခင် မဲမသမာမှုများကို ဖြေရှင်းပေးရန် တပ်မတော်၏ ကနဦး တောင်းဆိုချက်ကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## ကြေးမုံ ယနေ့ ဖတ်စရာ

**ခေတ်အမီဆုံး စစ်ဘက်ဆက်သွယ်ရေး ဂြိုဟ်တု ပြင်သစ်နိုင်ငံ အောင်မြင်စွာ လွှတ်တင်**

စာ » ၁၂

**ကျောင်းသားအရွယ်ကလေးငယ်တွေရဲ့ ပညာရေးကို ဦးစားပေးပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး ဆောင်ရွက်နေတဲ့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက နောက်မကျဘူးဆိုတာ ပြောကြားလိုပါတယ်**

စာ » ၁၆

**ရသစုံလင် ပြုံးပျော်ရွှင်**



စာ » ၂၀၊ ၂၁



# မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါတည်ဆောက်မှု ၆၉ ရာခိုင်နှုန်းကျော် ပြီးစီး

မင်းဘူး အောက်တိုဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားတာဝါ (Lift Tower နှင့် Walk Way Bridge) ဆောက်လုပ်နေမှုလုပ်ငန်းများ ၆၉ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါတည်ဆောက်ရေးအပိုင်း အနေဖြင့် ယခုအခါ Lift Tower Emergency Level အထက် Lift Wall အတွက် သံစင်နှင့် ပုံစံရိုက်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်နေကြောင်း၊ Walk Way Bridge လျှောက်လမ်းအတွက် Portion (1) ကွန်ကရစ်လောင်းပြီးဖြစ်ခြင်းကြောင့် Portion(2) အတွက် ကွန်ကရစ်လောင်းရန်ပြင်ဆင်နေကြောင်း၊ လုပ်ငန်းကာလမှာ ၂၀၂၁ ခုနှစ် ဇွန် ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ဖြစ်ပြီး ယခုအခါ ၆၉ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း၊ ဓာတ်လှေကားတစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်းလူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးသန်းလွင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို ရှေးရှု

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ၏ အောက်တိုဘာလ ၁၆ ရက်နေ့ ထုတ်ပြန်ချက်အပေါ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောထားတုံ့ပြန် သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ကြေညာချက်သည် အာဆီယံပဋိညာဉ်နှင့်ဆန့်ကျင်လျက်ရှိသည်။

အာဆီယံပဋိညာဉ် အပိုဒ် ၂၀ (ခ) တွင် "ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် တူညီဆန္ဒကို အခြေခံရမည်" ဆိုသည့်အချက်၊ အပိုဒ် (၈) (၂) (က) တွင် "အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် ဖိတ်ကြားရေးကိစ္စ အပါအဝင် အာဆီယံထိပ်သီးအစည်းအဝေးကိစ္စများကို ပြင်ဆင်လုပ်ဆောင်ရမည်" ဆိုသည့်အချက်၊ အပိုဒ် (၂) (က)၊ (င)နှင့် (စ)တွင် "အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ ပြည်တွင်းရေးမစွက်ဖက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေးတည်ရှိမှုကို ပြင်ပမှမစွက်ဖက်ရေး" မူများ ချမှတ်ထားသည်။ ထိုသို့ကောင်းမြတ်သည့်အစဉ်အလာများနှင့် အစဉ်အဆက်ရပ်တည်လုပ်ကိုင်ခဲ့သော အာဆီယံအဖွဲ့သည် ယခုအချိန်အခါ၌ ဖော်ပြပါအခြေခံမူများကို ဆန့်ကျင်နေကြောင်း တွေ့ရသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ထိုကာလကအခြေအနေ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းရပ်များ၊ ရပ်တည်ချက်၊ သဘောထားများကို အစည်းအဝေးတွင် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီးဖြစ်သည်။ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားပြုသူများအား အချက် သုံးချက်ကို အလေးထားပြောကြားခဲ့သည်။ မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များကို ပြည်တွင်း၌ လတ်တလောဖြစ်ပျက်နေသည့်အခြေအနေများနှင့်ဆက်စပ်၍ အလေးပေးထည့်သွင်းစဉ်းစားသွားမည်။ မိမိတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်ပြီး အာဆီယံ၏ အဆိုပြုချက်များ၊ ခရီးစဉ်များကို စဉ်းစားသွားပါမည်။ အာဆီယံ၏အပြုသဘော ပါဝင်ကူညီပံ့ပိုးပေးလိုမှုနှင့်စပ်လျဥ်း၍လည်း အာဆီယံပဋိညာဉ်၊ အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်အပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုးအတွက် စဉ်းစားပေးမည်ဆိုသည့်အချက် သုံးချက်ကို အာဆီယံအနေဖြင့် ပြန်လည်သတိရသင့်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အပြောင်းအလဲနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် အနောက်နိုင်ငံများ၏အဖွဲ့အစည်းများအတွင်း၌ CRPH၊ NUG အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ခံအားပေးပြီး မြန်မာနိုင်ငံအပေါ် ဖိအားအမျိုးမျိုးပေးလျက်ရှိသည်။ ယခုအခါတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲရပ်တည်နေထိုင်လျက်ရှိသော အာဆီယံအဖွဲ့အစည်းကြီးအတွင်း အနောက်အင်အားကြီးနိုင်ငံအချို့က ဖိအားအမျိုးမျိုးပေးလာခဲ့ရာ မူလအစကတည်းက စည်းလုံးညီညွတ်စွာဖြင့် အတူတကွလက်တွဲပူးပေါင်းရပ်တည်ခဲ့သော အာဆီယံအဖွဲ့အတွင်း၌လည်း သဘောထားအမြင်များ ပြောင်းလဲသွားခဲ့သည်။ အာဆီယံပဋိညာဉ်မူများကို ဖောက်ဖျက်လာခဲ့သည်ကိုတွေ့ရသည်။ ဤသို့အာဆီယံမူကို ဖောက်ဖျက်သည်မှာလည်း အာဆီယံနိုင်ငံအားလုံးနှင့် သက်ဆိုင်ခြင်းမရှိဟုဆိုချင်သည်။ ယခု မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ကိစ္စတွင် နောက်ကွယ်မှ အင်အားကြီးအုပ်စုအချို့၏ နိုင်ငံရေးဖိအားများကို မလွန်ဆန်နိုင်၍လည်းကောင်း၊ နိုင်ငံရေးမူဝါဒနှင့် အပေါင်းပါနိုင်ငံတူဖြစ်နေ၍လည်းကောင်း အစဉ်အလာကောင်းသည့် အာဆီယံမူ၊ ပဋိညာဉ်များကို ဆန့်ကျင်ခဲ့သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစတင်၍ ယနေ့ထိတိုင် အဖွဲ့ဝင်နိုင်ငံအဖြစ် သစ္စာရှိစွာရပ်တည်လျက်ရှိသည်။ ယခုအခါ အင်အားကြီးနိုင်ငံအချို့၏ စွက်ဖက်မှုများကြောင့် အာဆီယံ၏ပဋိညာဉ်စာတမ်းမှ နိဒါန်းစာပိုဒ်တွင် ပါဝင်သည့် "တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသောကောင်းတူဆိုးဘက် "အသိုက်အဝန်း" ဟူသည့် သဘောထားရည်မှန်းချက်နှင့် စည်းလုံးညီညွတ်မှု၊ တူညီသောဆန္ဒနှင့် စုပေါင်းစိတ်ဆုံးဖြတ်မှုတို့ဖြင့် ပေါင်းစည်းကြမှု" ဟူသည့် ကောင်းမြတ်သောစိတ်ဆန္ဒရည်မှန်းချက်များကို ချိုးဖဲ့ဖျက်ဆီးရာရောက်နေကြောင်း ဝမ်းနည်းဖွယ်တွေ့မြင်ရသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည်" ဆိုသည့် နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

# ထန်းတပင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ထန်းတပင် အောက်တိုဘာ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တူးချောင်းကျေးရွာအုပ်စု၊ ဝါးတရာကျေးရွာအုပ်စုနှင့် ပန်းတိုင်ကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"ထန်းတပင်မြို့နယ်မှာ ပန်းခင်းစီမံချက်ကို မေ ၃ ရက်က စတင်ဆောင်ရွက်ပါတယ်။ အမျိုးအစားလေးမျိုးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မေ ၃ ရက်ကနေ ဒီနေ့အထိဆိုရင် ထန်းတပင်မြို့နယ်အနေနဲ့ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၄၈၈ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၂၄၉၆ ဦး စုစုပေါင်း ၂၉၈၄ ဦးနဲ့ အိမ်ထောင်စုလူဦးရေစာရင်းဆိုရင် ၆၆၂ စု ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက ပြောသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်လည်း ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက တူးချောင်းကျေးရွာအုပ်စုအတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားလျှောက်ထားသူ ၁၅ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၇၂ ဦး၊ ဝါးတရာကျေးရွာအုပ်စုအတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၁၀ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၁၅ ဦးနှင့် လဲလှယ်သူ ၃၀၊ ပန်းတိုင်ကျေးရွာအုပ်စုအတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ငါးဦး၊ အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၂၀ စုစုပေါင်း ကျေးရွာနေပြည်သူ ၁၆၇ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ပန်းခင်းစီမံချက်ဖြင့် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် လျာထားသည့်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ရေပေးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် လျာထားသည့်ကျေးရွာများသို့ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အင်ဂျင်နီယာတာဝန်ခံများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အင်ဂျင်နီယာတာဝန်ခံ ဦးပြေသာမောင် ဦးဆောင်သောအဖွဲ့သည် ကျွန်းလှမြို့နယ်အတွင်းရှိ တပေါင်ကျေးရွာ၊ ဓီးတောကျေးရွာနှင့် ချောင်းကွေ့ကျေးရွာတို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာ၏ မြေပြင်အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မည့် မြေနေရာ၊ ကျေးရွာပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုနှင့် လက်ရှိရေသုံးစွဲနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုပါက အိမ်ခြေ ၂၈၆ လုံးမှ လူဦးရေ ၁၄၅၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# အင်္ဂပူမြို့နယ်အတွင်းရှိ EXIM Bank ချေးငွေရယူထားသော သမဝါယမအသင်းများသို့ စုဆောင်းငွေပေါ်အတိုးများ ပေးအပ်

**အင်္ဂပူ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ EXIM Bank ချေးငွေရယူထားသော သမဝါယမအသင်း ၈၂ သင်းမှ အသင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စားဝတ်နေရေးနှင့် ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်အတွက် သမဝါယမကဏ္ဍမှ တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးလျက်ရှိရာ အသင်းသားပြည်သူ ၃၁၅၅ ဦးသို့ စုဆောင်းငွေပေါ် အတိုးငွေကျပ် သိန်း ၂၉၀ ကျော်အား မြို့နယ်သမဝါယမဦးစီးဌာနက အသင်းအမှုဆောင်များထံသို့ ပေးအပ်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် အသင်းသားပြည်သူများကို ဆက်လက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နည်းပညာအရ နောက်ကျမှု ရှိနေသေး

**နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၂)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

**✻ ရွှေဖုံးမှ**

NLD အစိုးရနှင့် ယခင်ရွေးကောက်ပွဲကော်မရှင်ဘက်က လုံးဝလျစ်လျူရှုခဲ့ခြင်းကြောင့် လက်ရှိနိုင်ငံရေးအခြေအနေသို့ ဆိုက်ရောက်နေသည်ဆိုသည့်အချက်ကိုမူ ချန်လှပ်ထားခဲ့သည်။ ထို့အပြင် အထူးကိုယ်စားလှယ်၏ လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားချက်များအရ ကုလသမဂ္ဂအဖွဲ့များ၏ ဝင်ရောက်စွက်ဖက်၊ လွှမ်းမိုးခြယ်လှယ်လိုသည့် ရည်ရွယ်ချက်မှာ ထင်ရှားသည်။ အစီရင်ခံစာတွင် အားလုံးမျှော်မှန်းသည့် ဒီမိုကရေစီရည်မှန်းချက်နှင့် အားလုံး၏ တူညီသောခံစားမှုများဟု ခေါင်းစဉ်တပ်၍ ယင်းခေါင်းစဉ်အောက်တွင် အဖွဲ့များအကြား ပိုမိုပူးပေါင်းမိစေရန် မသိမသာအားပေးအားမြှောက်ပြုကာ အစိုးရနှင့် ပြည်သူများအကြား တင်းမာမှုများနှင့် ကြီးမားသည့်လက်နက်ကိုင်ဆူပူအုံကြွမှုများ ပိုမိုဖြစ်ပွားလာစေရန် ဦးတည်ရေးသားထားကြောင်း တွေ့ရသည်။ ယင်းကို သမာသမတ်ကျသောအားပေးမှုဟု မယူဆနိုင်သည့်အပြင် နိုင်ငံတွင်း စိတ်ဝမ်းကွဲပြားမှုနှင့် အကြမ်းဖက်လှုံ့ဆော်မှုများဖြစ်စေရန်သာ ဦးတည်သည်။ ထို့ကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၏ သမာသမတ်ကျမှုနှင့် ၎င်း၏ရပ်တည်မှုတို့မှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

ထို့နည်းတူပင် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာပါအကြောင်းအရာအားလုံးနီးပါးမှာ မည်သူမည်ဝါမသိရသူများ၏ စိတ်ဆင်းရဲဖွယ် နှုတ်ပြောများကို အမှီမ်းတင်ထားပြီး တိကျခိုင်လုံသည့် သဲလွန်စပင်မရှိကြောင်း တွေ့ရသည်။ အစီရင်ခံစာအရ အထူးအစီရင်ခံစာတင်သွင်းသူသည် လွယ်ကူမြန်ဆန်သော သုံးသပ်ချက်မျိုးပေးလေ့ရှိကြောင်း တွေ့ရသဖြင့် ၎င်း၏လုပ်ရပ်သည် အန္တရာယ်ဖြစ်စေကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် တပ်ပြေးအရာရှိဟောင်းတစ်ဦး၏ ပြောကြားချက်တစ်ခုတည်းဖြင့် တပ်မတော်၏လုပ်ဆောင်ချက်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုများ ဖြစ်နိုင်ခြေရှိသည်ဟု အထူးအစီရင်ခံစာတင်သွင်းသူက မှတ်ချက်ပြုခဲ့သည်။ တွေးခေါ်မြော်မြင်မှုနှင့် မှန်ကန်ကြောင်း စိစစ်အတည်ပြုချက်တို့မပါဝင်ဘဲ တပ်ပြေးတစ်ဦးတစ်ယောက်၏ နှုတ်ပြောတစ်စွန်းတစ်စအပေါ် အခြေခံ၍ ယခုကဲ့သို့ တစ်ဖက်သတ်ဆန်သည့် သုံးသပ်ချက်ကို လွယ်လွယ်ကူကူပေးခြင်းအပေါ် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်သည်။ ထို့အပြင် အထူးအစီရင်ခံစာတင်သွင်းသူသည် ကိုဗစ်-၁၉ ကပ်ရောဂါ နှင့်ပတ်သက်၍ မြန်မာအစိုးရ၏ လွဲမှားသော ကိုင်တွယ်ဖြေရှင်းမှု အကျိုးဆက်ကြောင့် ဒယ်လ်တာဗိုင်းရပ်စ်ထက် ပိုမိုပြင်းထန်စွာကူးစက်ပြီး ပိုမိုသေစေနိုင်သည့် မျိုးကွဲအသစ်များ ဖြစ်ပွားလာနိုင်ခြေရှိသည်ဟု ပုံကြီးချဲ့ကောက်ချက်ချခဲ့သည်။ ထိုသို့ မှန်ကန်မှုမရှိသည့် ကောက်ချက်မျိုးကို မည်သည့်သိပ္ပံနည်းကျ လေ့လာမှုများအပေါ် အခြေခံထားသည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လလယ်တွင် ရက်တစ်ရက်အတွင်း ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၇,၀၈၃ ဦးရှိခဲ့ရာ ရောဂါပိုးစစ်ဆေးသူစုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းဖြစ်ပြီး ယင်းပမာဏမှာ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကာလအတွင်း ရောဂါကူးစက်မှုအမြင့်ဆုံး ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရောဂါကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ယခုအခါ ရောဂါကူးစက်မှုနှုန်းမှာ သိသိသာသာ လျော့ကျလာပြီး လက်ရှိတွင် ၈ ရာခိုင်နှုန်းအောက်အထိ ကျဆင်းခဲ့သည်။

ကောလာဟလများနှင့် မခိုင်လုံသောအချက်များအပေါ် အခြေခံ၍ အစီရင်ခံစာနှစ်ခုလုံးတွင် အချုပ်အခြာအာဏာပိုင်အစိုးရကို စွပ်စွဲရှုတ်ချကာ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်ကျူးလွန်မှုများအပေါ် လျှော့ပေါ့ရေးသားနေခြင်းမှာ သံသယဖြစ်ဖွယ်ရှိသည်။ အစီရင်ခံစာနှစ်ခုလုံးတွင် အကြမ်းဖက်အဖွဲ့များက စတင်ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များစွာရှိသည်ဟု အပေါ်ယံမျှသာ ဖော်ပြထားသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကြောင့် သေဆုံးခဲ့ရသည့်စာရင်းအမှန်ကို ဖုံးကွယ်ထားကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ အောက်တိုဘာလနှောင်းပိုင်းအထိ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၉၈၆ ကြိမ်၊ ဗုံးခွဲတိုက်ခိုက်မှု ၂၃၄၄ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၃၁၂ ကြိမ်၊ စုစုပေါင်း ၃၆၄၂ ကြိမ် ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အရပ်သားပြည်သူ ၁၁၅၅ ဦး သေဆုံးပြီး ၇၆၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၁၈၂ ဦး သေဆုံးကာ ၆၀၂ ဦးဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦ ၂၅၁ ခု မီးရှို့၊ ဗုံးခွဲခံခဲ့ရသည်။ ကားလမ်း၊ ရထားလမ်းများအား ဖျက်ဆီးခဲ့မှု ၅၃၆ ကြိမ်ရှိခဲ့ပြီး၊ တံတား ၇၆ စင်းအား ဖျက်ဆီးခဲ့သည်။ ထိုသို့ စစ်မက်ပြုရာတွင် ပါဝင်ခြင်း၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အသုံးချကာ နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့သော ဆိုးရွားရက်စက်သည့် အကြမ်းဖက်မှုများကို အစီရင်ခံစာများတွင် လျှော့ပေါ့ဖော်ပြထားပြီး တရားဝင်အစိုးရကို စွပ်စွဲရှုတ်ချရန် ပူးပေါင်းကြံစည်ရာရောက်သည့် ဆောင်ရွက်မှုများသည် ကုလသမဂ္ဂအဖွဲ့အစည်း၏ရည်ရွယ်ချက်၊ မူဝါဒများနှင့်လည်း ဆန့်ကျင်လျက်ရှိသည်။

နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် ရာထူးမှထုတ်ပယ်ခံရပြီး တရားရင်ဆိုင်နေရသော ကျော်မိုးထွန်းက ယခုအပြန်အလှန်ဆွေးနွေးမှုများအပါအဝင် ကုလသမဂ္ဂအစည်းအဝေးများသို့ တက်ရောက်ခွင့်ရရှိနေခြင်းသည်လည်း ဘက်လိုက်မှုမရှိခြင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမရှိခြင်းစသည့် ကုလသမဂ္ဂ၏မူဝါဒများနှင့် တိုက်ရိုက်ဆန့်ကျင်လျက်ရှိပြီး ယင်း၏ အကြိမ်ကြိမ်ပျက်ကွက်မှုကို ဖော်ပြနေသည်။ ထိုသို့ နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ပစ်မှတ်ထားပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရန် လူ့အခွင့်အရေးကို ခုတုံးလုပ်အသုံးချနေမှုများကို မြန်မာနိုင်ငံအနေဖြင့် လက်မခံကြောင်း ဖော်ပြသည်။

၎င်းတို့၏ လုပ်ဆောင်ချက်နှင့် အစီရင်ခံစာများသည် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးပြီး မြေပြင်အခြေအနေများကို ထင်ဟပ်မှုမရှိသောကြောင့် လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ပါဝင်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖယ်ထုတ်ထားသောကြောင့် လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာများကို လက်မခံပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်**

**❖ ကောလာဟလများနှင့် မခိုင်လုံသောအချက်များအပေါ် အခြေခံ၍ အစီရင်ခံစာနှစ်ခုလုံးတွင် အချုပ်အခြာအာဏာပိုင်အစိုးရကို စွပ်စွဲရှုတ်ချကာ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်ကျူးလွန်မှုများအပေါ် လျှော့ပေါ့ရေးသားနေခြင်းမှာ သံသယဖြစ်ဖွယ်ရှိ**

**❖ အစီရင်ခံစာနှစ်ခုလုံးတွင် အကြမ်းဖက်အဖွဲ့များက စတင်ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များစွာ ရှိသည်ဟု အပေါ်ယံမျှသာ ဖော်ပြထားသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကြောင့် သေဆုံးခဲ့ရသည့် စာရင်းအမှန်ကို ဖုံးကွယ်ထားကြောင်း တွေ့ရ**

**○ မန်းရွှေစက်တော်မှ**

မန်းရွှေစက်တော်ဘုရားဓာတ်လှေကားတာဝါကို နှစ်ကျိပ်ရှစ်ဆူစေတီတော်အနီးမှ ကိုးခန်းကြီးဘုရားအထိ (အလျား ပေ ၂၁၀ x အမြင့် ၁၁၉ ပေ x အကျယ် ၁၂ ပေ)ဖြင့် အတက်နှင့်အဆင်းဟူ၍ Lift Tower နှစ်စင်းကို ဘုရားရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သိန်း ၁၆၀၀၀ ခန့်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဓာတ်လှေကားတစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်း ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ဘုရားပွဲတော်ချိန်မတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့မှ သိရသည်။ **မောင်မောင်(မင်းဘူး)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းတွင် တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**



## နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်

**သာပေါင်း အောက်တိုဘာ ၂၄**

သာပေါင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အရ ပြုလုပ်ပေးနေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်အေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပန်းခင်းစီမံချက်အရပြုလုပ်ပေးနေသည့် နိုင်ငံသားစိစစ်ရေးကတ် ၁၀၃၃ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၄၃ စောင်တို့ကို ပေးအပ်သည်။

ထို့နောက် အမှတ် (၃) ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက် ကွန်ကရစ်လမ်းခင်းပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုခဲ့ကြပြီး မြချမ်းသာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းအား ဂေါပကအဖွဲ့ထံသို့ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

## ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်လျှော့ချနိုင်ရေး တင်းကျပ်စွာတိုးမြှင့်လုပ်ဆောင်

**မြစ်ကြီးနား အောက်တိုဘာ ၂၄**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက်တိုးမြှင့် ဆောင်ရွက်နိုင်ရေး ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

**အရှိန်အဟုန်မပျက်လုပ်ဆောင်**

ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ပြည်နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် သိသာစွာ မြင့်တက်လာခြင်း၊ လျော့ကျသွားခြင်းမရှိဘဲ တန့်နေသည့် အနေအထားတွင် ရှိနေသည့်အတွက် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်လျှော့ချနိုင်ရေး စစ်ဆေးမှုနှင့် ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အရှိန်အဟုန်မပျက် တင်းကျပ်စွာ တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ခရိုင်နှင့် မြို့နယ်များအလိုက် ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသောဒေသများအပေါ် စစ်ဆေးကုသမှုအခြေအနေများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးပြီး တပ်မတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်နယ်ကော်မတီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများနှင့် ဆပ်ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများက ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များအလိုက် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကျေးရွာများတွင် ရောဂါကူးစက်ပြန့်ပွားမှုအပေါ် စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံး ပစ္စည်းများ စုဆောင်းဖြန့်ဝေသုံးစွဲမှုနှင့် ကျန်ရှိမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ်၌ ဘော်လီဘောနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်ပြည်နယ် ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့်ဘော်လီဘော နည်းပြနှင့်ဒိုင်သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၈ နာရီခန့်က လှာကမြင်မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဘော်လီဘောနည်းပြနှင့် ဒိုင်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၅ ဦးတို့အား အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တာကာလအတွင်း ဘော်လီဘောအားကစားနည်းနှင့် ပတ်သက်ဆက်နွယ်သည့် နည်းစနစ်ပိုင်း၊ နည်းပရိယာယ်ပိုင်းနှင့် နည်းဥပဒေပိုင်းတို့ကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာနယ်ပယ်ဒေသများတွင် ပြန်လည်မျှဝေ ဖြန့်ဖြူးပေးသွားကြဖို့ တိုက်တွန်းလိုကြောင်း၊ မကြာမီပြုလုပ်မည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မိမိတို့မြို့နယ်အသင်းများအနေဖြင့် အရည်အသွေးအဆင့်အတန်းပြည့်မီစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေး ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက်ရှိ ဘားမဲတောင်သဘာဝဥယျာဉ်ဖော်ဆောင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၁)ကြိမ်မြောက်နှင့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၃/ ၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၁ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပရာ ပြည်နယ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



## ကာမိုင်းမြို့၌ တံတားချဉ်းကပ်ကားလမ်းပျက်စီးခဲ့သည့်နေရာအား ယာယီသံပေါင်ဘေလီတံတားဆောက်လုပ်ပြီးစီး၍ မော်တော်ယာဉ်များဖြတ်သန်းသွားလာ

**မိုးညှင်း အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ အထက်ဘက်မှမိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ပေ ၉၀၀ တံတားအစပ်အောက်ခြေအား ရေများတိုက်စားသွားသဖြင့် တံတားချဉ်းကပ်ကားလမ်းပျက်စီးခဲ့သည့်နေရာအား ယာယီသံပေါင်ဘေလီတံတား ဆောက်လုပ်ပြီးစီး၍ ယနေ့နံနက်ပိုင်းမှစတင်ကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက် နံနက် ၁၁ နာရီခန့်တွင် ကာမိုင်း-လဝါးသွားကားလမ်းမပေါ်ရှိ ပေ ၉၀၀ တံတားအစပ်အောက်ခြေအားရေများ တိုက်စားသွားသဖြင့်တံတားချဉ်းကပ်ကားလမ်းအနံပေ ၂၀၊ အလျား ၁၀ ပေခန့်ပျက်စီးသွားခဲ့ရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ကြိုးတားပိတ်ဆို့ထားရှိပြီး ခရီးသွားပြည်သူများအနေဖြင့် မိုးကောင်း-ပါဟုတ်-ကာမိုင်းလမ်းအတိုင်း သွားလာစေခဲ့ကြောင်း သိရသည်။



အဆိုပါပျက်စီးနေသည့် တံတားချဉ်းကပ်ကားလမ်းအပိုင်းကို အမြန်ပြုပြင်ဆောင်ရွက်နိုင်ရန် ဖားကန့်မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိုးကောင်းမြို့နယ်လမ်းဦးစီးဌာနမှတာဝန်ရှိသူများနှင့် ကာမိုင်းမြို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ အနီးကပ်ကြီးကြပ်ကာ ယာယီသံပေါင်ဘေလီတံတားပေ ၃၀ ခန့် အမြန်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကျောက်တုံးကျောက်ခဲများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများသယ်ယူစုဆောင်းပြီး တံတားသံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ချဉ်းကပ်ကားလမ်းဘက်မှ အလျား ၁၀ ပေခန့် ထပ်မံပြတ်ကျခဲ့သဖြင့် မူလလျာထားခဲ့မှုအပေါ် ပေ ၄၀ ဘေလီတံတား ထပ်မံတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် အောက်တိုဘာ ၂၃ ရက်တွင် ယာယီ သံပေါင်ဘေလီတံတားအား တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ တံတားပိုင်ရိုက်ရန် လိုအပ်သောသစ်များနှင့် ကျောက်တုံးကျောက်ခဲများကို ချဉ်းကပ်ကားလမ်းပြတ်ကျသွားသောနေရာတွင် တံတားပိုင်ရိုက်ခြင်း၊ ကျောက်တုံးကျောက်ခဲများဖြည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**ဖွဲ့သူရအောင်
(ပြန်/ဆက်)**

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့် ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## မြို့ပြဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်း မြောက်ဘက်အခြမ်း အရှည်ပေ ၁၁၀၀၀၊ အကျယ် ရှစ်ပေ၊ ဒု ကိုးလက်မနှင့် လမ်းတောင်ဘက်အခြမ်း အရှည်ပေ ၆၀၀၀၊ အကျယ် ရှစ်ပေ၊ ဒု ကိုးလက်မ လမ်းတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ပုလဲလမ်းမကြီးတစ်လျှောက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)နှင့် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)တို့ ပူးပေါင်း၍ လမ်းဝဲ/ယာ တိုးချဲ့နေမှုနှင့် ပုလဲလမ်းမြောင်းမှ ရွာမချောင်းသို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းပြန်လည် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် အနော်ရထာစက်မှုဇုန်ရှေ့ မြေဧရိယာ ၁၂ ဒသမ ၂၅၈ ဧကတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မြေအောက်ကန်တူးဖော်နေမှု၊ အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု)က ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ရောနဂါး ကုမ္ပဏီက အလျား ၈၁ ပေ၊ အနံ ၄၁ ပေ ရှိ အဆောင်လေးဆောင် ဆောက်လုပ်နေမှုတို့ကို လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်းမြို့နယ်)နှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတား အမှတ်(၁) ချဉ်းကပ်လမ်း အရှည် ၁၁၅၈ ပေ၊ အကျယ် ၁၈ ပေ၊ ဒု ၁၁ လက်မ ကွန်ကရစ်ခင်းကျင်းပြီးစီးမှုနှင့် ချဉ်းကပ်လမ်း ဝဲ/ယာအား အကျယ် ရှစ်ပေနှင့် အကျယ် ခြောက်ပေ၊ လူသွားစင်္ကြံ ခင်းကျင်းနေမှုကို လည်းကောင်း၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး အနောက်ဘက်အခြမ်း အုတ်ကျင်းဂုန်နီစက်ရုံမှ သီရိမင်္ဂလာပိတောက်ချောင်းအထိ အရှည် ၂၆၇၅ ပေ၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လူသွားစင်္ကြံ စက်ဘီးလမ်း၊ ယာဉ်ရပ်နားရန်နေရာများနှင့် မြေယာရှုခင်းများ ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ဘုရင့်နောင်လမ်းမကြီးအရှေ့ဘက်အခြမ်း၊ ပိတောက်ချောင်းမှ ဘုရင့်နောင်လမ်းအတိုင်း ပါရမီလမ်းဆုံ၊ ၎င်းမှ ဗဟိုလမ်း ရထားလမ်းကူးအထိ အရှည်ပေ ၆၅၀၀ လမ်းချဲ့၍ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လူသွား စင်္ကြံစက်ဘီးလမ်း၊ ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံ သင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျ လက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၃ ဦးနှင့် အမျိုးသမီး ၆၀ စုစုပေါင်း ၁၅၃ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။



အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုတို့မှ Syringe ၂၆၉၆၈ ခု၊ Fistula Needle Set ၂၀၀၀၊ Hemoclialusis Blood Circuits ၈၄၀၊ Medical Adhesive Tape ၁၃၇၆၀၊ နှာခေါင်းစည်း ၂၉၆၁ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၃၃၁ ကုဗမီတာတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီငါးခုမှ ယာဉ်စီးရေ ခုနစ်စီးဖြင့် အောက်ဆီဂျင်(အရည်)Bowserယာဉ် တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း ၅၇ တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့
မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# သက်တမ်း ၁၅၄ နှစ်ရှိပြီဖြစ်သော မဟာမင်းလှကျော်ထင်ခေါင်းလောင်းတော်

မောင်ခိုင်မာ (အထက်မင်းလှ)

**မြန်မာနိုင်ငံတွင် ကမ္ဘာသိရှေးဟောင်းအမွေအနှစ်များစွာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ရှေးအတီတေကာလများကတည်းက ယဉ်ကျေးမှုထွန်းကားခဲ့သောကြောင့်ဖြစ်သည်။ ပြီးခဲ့သောနှစ်ရှစ်သန်းမှ ၁၂သန်းအတွင်း လူသားမျိုးနွယ်များ မြန်မာနိုင်ငံတွင်ရှိခဲ့သည်ဟူသော သဲလွန်စများကို ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင်များနှင့် မြန်မာပညာရှင်တို့ ပူးတွဲဖော်ထုတ်ထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ လူသားမျိုးနွယ်သာမက မြို့ပြအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များသည် အကြောင်းကြောင်းကြောင့် အချို့သောဂုဏ်ယူဖွယ်ရာ ရှေးဟောင်းအမွေအနှစ်အချို့ တိမ်မြုပ်ခဲ့ရသည်များလည်း ရှိနိုင်ပါသည်။**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက် အပိုဒ်ခွဲ(ခ)တွင် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူ၍ ဖော်ပြပါရှိပါသည်။

### ကြေးသွန်းအတတ်ပညာများလည်း ထွန်းကား

မြန်မာရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတွင် မြန်မာမှုအနုလက်ရာများ ပါဝင်သည်။ မြန်မာမှုအနုပညာဆိုင်ရာ အတတ်ပညာများကို ခြုံငုံ၍ခေါ်ဆိုသော "ဘုရားမတင်၊ ခေါင်းမဆင်၊ လူတွင်ပန်းဆယ်ပွင့်" ဟူသော ဆိုရိုးစကားရှိ၏။ အဆိုပါပန်းဆယ်မျိုးမှာ "ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းယွန်း၊ ပန်းပဲ၊ ပန်းတော့" တို့ဖြစ်သည်။ ထိုအတတ်ပညာအားလုံးသည် လက်မှုအတတ်ပညာဖြစ်သည်သာမက အနုပညာဂုဏ်မြောက်သောပညာများလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယင်းအတတ်ပညာတို့နှင့်တစ်ဆက်တစ်စပ်တည်း ကြေးသွန်းအတတ်ပညာများလည်း ထွန်းကားခဲ့သည်။ အိမ်အသုံးအဆောင်ကြေးဖလား၊ ကြေးမုံ၊ ကြေးလင်ပန်းမှအစ ကြေးတူရိယာပစ္စည်းများသည်လည်းကောင်း အထူးပြောင်မြောက်သော အတတ်ပညာများဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကြေးသွန်းအတတ်ပညာကို ပျူခေတ်ကာလကပင်ရှိနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သရေခေတ္တရာပျူတို့သည် ပန်းဆယ်မျိုးအတတ်ပညာကို ကျွမ်းကျင်နိုင်နင်းခဲ့ကြောင်း၊ "သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ဘုရားမာစေတီအနီးရှိကုန်းအမှတ် (၈) မှ တူးဖော်တွေ့ရှိရသည့် ဗုဒ္ဓကြေးဆင်းတုတော်၊ သီရိဝစ္ဆပုံပါ ကြေးခေါင်းလောင်း၊ တီးမှုတ်ကခုန်နေဟန် ကြေးရုပ်များနှင့် အရိုးအိုး"တို့က သက်သေခံနေပါသည်။

မြန်မာတို့သည် ခေါင်းလောင်းထိုး၍ အမျှဝေလေ့ရှိသည်။ ခေါင်းလောင်းသွန်းလုပ်ခြင်းကို လွန်ခဲ့သောနှစ်ပေါင်းလေးထောင်လောက်က တရုတ်နိုင်ငံတွင် စတင်သည်ဆို၏။ မြန်မာနိုင်ငံတွင်မူ မှတ်တမ်းများအရ ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈ဝဝ ပြည့်နှစ်ထိုးခေါင်းလောင်းက အစောဆုံးဖြစ်မည်ထင်သည်။ ဒုတိယအစောဆုံးမှာ မော်လမြိုင်မြို့ မြသိန်းတန်စေတီရှိ သက္ကရာဇ် ၈၉၉ ခုနှစ်ထိုးခေါင်းလောင်းဖြစ်ပြီး ဘုရင့်နောင်ခေါင်းလောင်းသည် တတိယအစောဆုံးဖြစ်ကြောင်း ပညာရှင်များကဆိုပါသည်။ ကမ္ပည်းရေးထိုးသည့်ခေါင်းလောင်းကိုမူ ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီး ပြိုင်းထောင်ကျေးရွာမှ တွေ့ရှိရသည့် အမြင့်ပေ ၁၁ ဒသမ ၈ စင်တီမီတာရှိသော ကြေးခေါင်းလောင်းဟုဆိုပါသည်။ ခေါင်းလောင်းစာကို လေ့လာရခြင်းအားဖြင့် ထိုခေတ်ကာလက မြန်မာအက္ခရာအရေးအသား (မူရင်းအရေးအသား) နှင့် ကြေးသွန်းအတတ်ပညာ (ပန်းတဉ်းမြန်မာမှုအနုပညာ) အဆင့်အတန်းကို ဂုဏ်ယူဖွယ်တွေ့မြင်နိုင်ပါသည်။




### ကမ္ဘာတွင် ထင်ရှားသည့် မြန်မာ့ကြေးခေါင်းလောင်းများ

မြန်မာ့ကြေးခေါင်းလောင်းများသည် ကမ္ဘာတွင် ထင်ရှားသည်။ ဥပမာအားဖြင့် (၁) သက္ကရာဇ် ၁၁၇ဝ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် ဗဒုံမင်းသွန်းလုပ်လှူဒါန်းသည့် ကြေးအလေးချိန် ၅၅၅၅၅ ပိဿာ (၉ဝ ဒသမ ၅၂ တန်) ရှိ ကမ္ဘာ့ဒုတိယအကြီးဆုံး (ရှေးဟောင်းသုတေသနထုတ် ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ချက်စာရင်းအရ) (Amended List of Ancient Monuments in Burma, Sagaing Divison, Serial 5, P.4) ဖြစ်သည့် "မင်းကွန်းခေါင်းလောင်း"၊ (၂) ဗြိတိသျှနယ်ချဲ့တို့ အလွန်မက်မောသဖြင့် သယ်ဆောင်ရန် ကြိုးပမ်းသော်လည်း မအောင်မမြင်ဖြစ်ခဲ့သော သက္ကရာဇ် ၁၁၄ဝ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်နေ့တွင် "စဉ့်ကူးမင်း" သွန်းလုပ်လှူဒါန်းသည့် ကြေးပိဿာချိန် ၁၅၅၅၅ ပိဿာရှိသည့် "မဟာဃဏ္ဍာ" ဘွဲ့အမည် ကမ္ပည်းထိုးထားသည့် "စဉ့်ကူးမင်း" ခေါင်းလောင်းတော်နှင့် (၃) သက္ကရာဇ် ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁ဝ ရက်နေ့တွင် သာယာဝတီမင်း သွန်းလုပ်လှူဒါန်းသည့် အလေးချိန်ကြေးပိဿာ ၂၅၉၄ဝ နှင့် ၄၉ ကျပ်သားရှိသော "မဟာတိသဒ္ဒဃဏ္ဍာ" ဘွဲ့အမည်ရ "သာယာဝတီမင်းခေါင်းလောင်းတော်" တို့ဖြစ်ပါသည်။

မြို့မင်းလှ (မကွေးတိုင်းဒေသကြီး)တွင်လည်း အမှတ် (၁) ရပ်ကွက် (မြောက်ရပ်ကွက်) ရှိ မှန်ကျောင်း (ကိုးနဝင်းမဟာစည်ရိပ်သာ) ပရိဝုဏ်အတွင်း၌ မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ်က "မဟာမင်းလှကျော်ထင်" လှူဒါန်းသည့်စာကြောင်းရေ ၁၃ ကြောင်းပါသော သက်တမ်းအားဖြင့် ၁၅၄ နှစ်ရှိပြီဖြစ်သည့် "တူရိ" ဘွဲ့အမည်ရ ကြေးခေါင်းလောင်းတော်ရှိပါသည်။

### ခေါင်းလောင်းစာတွင် မှတ်တမ်းတင်ထား

ခေါင်းလောင်းစာအရ မြို့ဝန်မဟာမင်းလှကျော်ထင်သည် သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ဗိုလ်ချုပ်ရာထူးခန့်ထားခံရပြီးနောက် ၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ကြာသပတေးနေ့တွင် မြတ်စွာဘုရားအား ရည်မှတ်၍ ခေါင်းလောင်းတော်နှင့်တကွ ဓာတ်တော်မွေတော် ရုပ်ပွားတော်မြတ်အားလှူဒါန်းသည်ဟု ရေးထိုးထားပါသည်။ ခေါင်းလောင်းစာတွင် အလှူပြုပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို အဆင့်လိုက်စနစ်တကျ မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရသည်။ ခေါင်းလောင်းတော်၏ အတိုင်းအတာမှာ –

| | |
|---|---|
| (၁) ခေါင်းလောင်းသက်သက်အမြင့် | = ၂၄ လက်မခန့် |
| (၂) ထိပ်ဝအကျယ်ပတ်လည် | = ၆ဝ လက်မခန့် |
| (၃) ခေါင်းလောင်းအချင်း | = ၁၈ လက်မခန့် |
| (၄) ကြေးသားအထူ (ဒု) | = ၂ လက်မခန့် |
| (၅) ခေါင်းလောင်းကိုချိတ်ဆွဲထားသည့်ကြေးကွင်း(ပေါင်းကိုင်း)နှင့်ကြေးခြသေ့ရုပ်၊ တိုးနယားရုပ်တို့၏အမြင့် | = ၁၈ လက်မခန့် |

ရှိပါသည်။ ယခုအခါ ခေါင်းလောင်းအား အချင်းသုံးလက်မရှိသော သံပိုက်တွင် ချိတ်ဆွဲထားပြီး မူလအုတ်တိုင်ကိုငုံ၍ မွမ်းမံထားသော ဘေးအုတ်တိုင်နှစ်တိုင်မှာ တစ်တိုင်လျှင် အမြင့်ခုနစ်ပေခန့် တိုင်လုံးပတ် ၁၉ လက်မပတ်လည်ရှိပါသည်။ ၎င်းတိုင်နှစ်လုံး၏ အကွာအဝေးမှာ လေးပေခန့်ဖြစ်ပါသည်။

ဆရာဟန်ဝင်းအောင် (PIC) ၏ လေ့လာတွေ့ရှိချက်အရ အလှူရှင်မှာ မကွေး၊ မြင်ကွန်း (၂) မြို့အတွက် အမတ်စာရေးကြီးအဖြစ် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် အမှုထမ်းခဲ့ကြောင်း၊ အမတ်မှတစ်ဆင့် ဝန်ထောက်ဖြစ်လာကြောင်း၊ ရာထူးအမည်အပြည့်အစုံမှာ "မြေတိုင်းဝန်ထောက်မင်း မဟာမင်းလှကျော်ထင်၊ မြင်ကွန်း၊ မကွေး (၂) မြို့ဝန်" ဖြစ်ကြောင်း၊ မဟာမင်းလှကျော်ထင်၏အထက်တွင် မကွေးမင်းဦးကြာဥ၊ မကွေးမင်းကြီး ဦးမောင်ကို၊ ဦးအောင် (မဟာမင်းလှမင်းခေါင်) တို့ရှိကြောင်း၊ မကွေးမင်းကြီး ဦးအောင် ရာထူးကျမှသာ (၂)မြို့ဝန်အမတ် စာရေးကြီးအဖြစ်မှ ဝန်ထောက်ဖြစ်လာကာ ၁၉ဝ၇ ခုနှစ်တွင် ကွယ်လွန်ကြောင်း သိရပါသည်။

အလှူရှင်လှူဒါန်းသော "ရွှေသာလျောင်းရုပ်ပွားတော်" မှာ ၁၈ ပေနှင့် ရှစ်လက်မခန့် အရှည်ရှိပြီး တောင်ဘက်အရပ်သို့ ဦးခေါင်းပြုထားပါသည်။ ဦးခေါင်းတော်အား ထောက်မထားသည့် ရုပ်ပွားတော်၏ လက်ယာလက်တံတောင်မှ ဦးခေါင်းတော်အထိ လေးပေနှင့် နှစ်လက်မခန့် မြင့်ပါသည်။ ဘယ်ဘက်ပခုံးတော်မှ သလွန်ကြမ်းပြင်ထိ လေးပေခန့် မြင့်ပါသည်။ ၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၁၅ ရက် (၁ဝ-၆-၂ဝဝ၆) ရက်နေ့က ကမ္ဘာ့သာသနာပြုအပ်ချုပ်မျှင်ဆရာတော်က ရုပ်ပွားတော်အား မွမ်းမံထားကြောင်း မှတ်တမ်းတွေ့ရှိရပါသည်။ အဆိုပါရုပ်ပွားတော်မြတ်မှာလည်း ထိုခေတ်ကာလ၏ "ပန်းတော့" အနုပညာလက်ရာမြောက်မှုကို ဖော်ညွှန်းပြသနေပါသည်။

မင်းလှခံတပ်မှာ မြန်မာသက္ကရာဇ် ၁၂၂၂-၁၂၂၃ (ခရစ်နှစ် ၁၈၆ဝ-၁၈၆၁)က စတင်တည်ဆောက်ခဲ့ပြီး ၁၂၂၅ ခုနှစ်တွင် ပြီးစီးခဲ့သည်ဖြစ်ရာ သမိုင်းဝင် မင်းလှခံတပ် (အင်္ဂလိပ်-မြန်မာတတိယကျူးကျော်စစ်တွင် အသုံးပြုခဲ့)၊ ကြေးနန်းရုံနှင့် စစ်သူကြီးမဟာဗန္ဓုလ အရိုးအိုးစေတီတို့ကို ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသကဲ့သို့ ယခုခေါင်းလောင်းနှင့် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကိုလည်း မပျက်စီးစေရန် တစ်နည်းနည်းဖြင့် နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**ကိုးကား။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ဒုတိယတွဲ၊ ဒုတိယပိုင်း)**

**ခေါင်းလောင်းစာအရ မြို့ဝန်မဟာမင်းလှကျော်ထင်သည် သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ဗိုလ်ချုပ်ရာထူးခန့်ထားခံရပြီးနောက် ၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ကြာသပတေးနေ့တွင် မြတ်စွာဘုရားအား ရည်မှတ်၍ ခေါင်းလောင်းတော်နှင့်တကွ ဓာတ်တော်မွေတော် ရုပ်ပွားတော်မြတ်အားလှူဒါန်းသည်ဟု ရေးထိုးထားပါသည်။ ခေါင်းလောင်းစာတွင် အလှူပြုပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို အဆင့်လိုက်စနစ်တကျ မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရ**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၄**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်နှင့် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ ဂီရိနိမိတ်ကျောင်းတိုက်၊ တနင်္သာရီမြို့ရှိ ချောင်းငယ်ကျောင်းတိုက်၊ မဟာသန္တိသုခဝက်ပါ ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာရှိ ဘန့်ဘွေးကုန်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တောင်ဖီလာတောရကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်ရှိ (၁၆) မိုင်ခွဲ လျှပ်စစ်ဓာတ်အားခွဲရုံအား ၁၁ ကေဗွီ ဓာတ်အားလိုင်း ပြောင်းလဲဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ၆.၆/၁၁ ကေဗွီ(GIS) (၁၆)မိုင်ခွဲရုံအား လျှပ်စစ်ဓာတ်အား လွှတ်နိုင်ရေး၊ လက်ရှိအသုံးပြုနေသော ၆.၆ ကေဗွီ ဓာတ်အားလိုင်းမှ ၁၁ ကေဗွီဓာတ်အားလိုင်း အဖြစ် ပြောင်းလဲပြီး ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် အဆိုပါ မင်္ဂလာဒုံမြို့နယ် (၁၆)မိုင်ခွဲ လျှပ်စစ်ဓာတ်အားပေးရေးဌာနသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရုံးချုပ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြရာ မင်္ဂလာဒုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ အထွေထွေမန်နေဂျာ (စီမံ) ဦးတင်စိုးက ၆.၆ ကေဗွီမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပြောင်းလဲဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



ဉာဏ်ဟိန်း

## ကျောက်တံခါးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေး

**ကျောက်တံခါး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဇောဓိကွင်းအုပ်စု ဖျံတလင်းကျေးရွာနေပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လက်ကမ်းစာစောင်ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်သန်းလှိုင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။ မြို့နယ်ဦးစီးအရာရှိက ပန်းခင်းစီမံချက်ဆောင်ရွက်သည့်ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရာတွင်ပါရှိရမည့် အထောက်အထားများ၊ ပျောက်ဆုံး/ပျက်စီးမှုမရှိစေရေး၊ စနစ်တကျကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေး၍ အသက် ၁၀ နှစ်ပြည့်/၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်း၊ အသက် ၁၀ နှစ်/၁၈ နှစ်ပြည့် လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရာ ၃(က) ၈၃ ဦး၊ ၆(က)ငါးဦး စုစုပေါင်း ၈၈ ဦးတို့အား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စန်းစန်း

**မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်**

**နေပြည်တော် အောက်တိုဘာ ၂၄။** ။ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## စစ်ကိုင်းမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**စစ်ကိုင်း အောက်တိုဘာ ၂၄**

နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး စီမံချက်များနှင့်အညီ စစ်ကိုင်းမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းကစ၍ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အနီးကပ် ကြီးကြပ်မှုနှင့်အတူ ဆေးထိုးစုရပ်များဖြစ်သည့် သီတဂူဆေးရုံတော်ကြီးနှင့် မြို့တော်ခန်းမ၌လည်းကောင်း၊ ကျေးရွာအုပ်စုများဖြစ်သည့် အုန်းတော(အထက)၊ ရွာသစ်ကြီးသံဃာ့ဆေးရုံ၊ ညောင်ပင်ဝန်း(အထက) နှင့် ဆားတောင်(အထက) တို့တွင်လည်းကောင်း သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူပေါင်း ၃၁၇၈ ဦး၊ အထက်တန်းအဆင့် ၇၉၃ ဦး စုစုပေါင်း ၃၉၇၁ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာ ဆေးထိုးစုရပ်များသို့ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

## သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက် ထိုးနှံပေး

**သရက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ် စဉ်ဆက်မပြတ် ထိုးနှံပေးလျက်ရှိရာ တတိယအသုတ် (ပထမအကြိမ်)ကို ရွှေသက်လွတ်ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်၊ တေဇခန်းမနှင့် ကျေးရွာအုပ်စုများတွင် စုရပ်နေရာ ခြောက်ခုခွဲ၍ ယနေ့နံနက် ၉ နာရီက စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးသည့်စုရပ် ခြောက်နေရာဖြစ်သော ရွှေသက်လွတ်ဘုရားဝင်းရှိ သာသနာ့ဗိမာန်တော်၊ တေဇခန်းမ၊ ထုံးတောင်ကျေးရွာအုပ်စု၊ တလပါးကျေးရွာအုပ်စု၊ အလပ်လယ်ကျေးရွာအုပ်စုနှင့် ဘော်ကျေးရွာအုပ်စုများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။ သရက်မြို့နယ်၌ တတိယအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၃၅၀၀ ထပ်မံရရှိထားပြီး အောက်တိုဘာ ၂၃ ရက်အထိ ၁၁၅၃၀ အား ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိသူများကိုလည်း နေ့စဉ် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ဇော်ဝမ်းထွန်း (အောင်လံ)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့၌ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင် ပြည်နယ် မြဝတီမြို့၌ အမျိုးသား ၂၆၂ ဦး နှင့် အမျိုးသမီး ၂၃၇ ဦး စုစုပေါင်း ၄၉၉ ဦး ကိုလည်းကောင်း လက်ခံခဲ့သည်။

**ကူညီဆောင်ရွက်ပေး**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**လိုက်လံပို့ဆောင်ပေး**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မော်လိုက်မြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**မော်လိုက် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ဒေသခံများ၊ စေတနာရှင်များနှင့် ဌာနဆိုင်ရာ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ဒီစက်ရုံကို အကောင်အထည်ဖော်တည်ဆောက်တာ ရာနှုန်းပြည့်နီးပါး ပြီးနေပါပြီ။ အောက်ဆီဂျင်စက်ရုံက လည်နေပါပြီ။ လျှပ်စစ်အတွက် ထရန်စဖော်မာ တပ်ထားပါတယ်။ အခုက မီးစက်နဲ့ လည်နေပါတယ်" ဟု မော်လိုက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏထွန်းက ပြောသည်။

မော်လိုက်မြို့ အောက်ဆီဂျင်စက်ရုံကို မြို့မ(၂)ရပ်ကွက်တွင် ဇူလိုင်လ နောက်ဆုံးပတ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**လူလေး**



# မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် မိုးစပါးစိုက်ဧက ၂၈၀၀ ကျော် စိုက်ပျိုးနိုင်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် မိုးစပါးစိုက်ဧက ၂၈၀၀ ကျော် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်)မှ ဝမ်းတွင်းမြို့နယ်၌ ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် မိုးစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၂၉၇ ဧကနှင့် အခြားသီးနှံစိုက်ဧက ၄၀၃ ဧကတို့အား သတ်မှတ်လျာထားပြီး မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း အမှတ်(၂) ရေတင်စခန်း(ကုန်းရွာ)၊ အမှတ်(၃)ရေတင်စခန်း (ခင်ကြီး)နှင့် Low Lift စသည့် ရေတင်စခန်းသုံးခုဖြင့် ဇူလိုင် ၁၅ ရက်မှစတင်၍ ဝမ်းတွင်းမြို့နယ် အတွင်းရှိ ကုန်းရွာ၊ ညောင်အုပ်ဖီး ၊ ညောင်ပင်သာ-ဆည်ရွာ၊ ခင်ကြီး၊ မြေတိုင်ကန်၊ ရေတွင်းကျေးရွာ အုပ်စုများရှိ ကျေးရွာများမှ ဒေသခံတောင်သူများက မိုးစပါးကို စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းဖြင့် မိုးစပါးများစိုက်ပျိုးရာ ယနေ့အထိ မိုးစပါးစိုက်ဧက ၂၈၆၄ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် မိုးစပါးစိုက်ဧက သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင်တမံရေပိုလွှဲမှ ဆက်လက်ရေကျော်လျက်ရှိ

**နတ်မောက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ အောက်တိုဘာလအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နတ်မောက်ရေလှောင်တမံတွင် မိုးရေဝင်ရောက်မှုတိုးလာသဖြင့် ယနေ့နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ ရေပိုလွှဲမှ ၁ ဒသမ ၆ ပေ ဆက်လက်ရေကျော်လျက်ရှိကြောင်း အဆိုပါ နတ်မောက်ရေလှောင်တမံ တာဝန်ခံထံမှ သိရသည်။

နတ်မောက်မြို့နယ်ရှိနတ်မောက်ရေလှောင်တမံသည် အောက်တိုဘာ ၂၃ ရက်တွင် တမံရေပြည့်အမှတ် ၆၈၃ ပေ၊ လက်ရှိရေအမှတ် ၆၈၅ ပေရှိ၍ နှစ်ပေခန့် ရေပိုလွှဲမှ ရေကျော်ခဲ့ပြီး ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ လက်ရှိရေအမှတ် ၆၈၄ ဒသမ ၆ ပေရှိပြီး ၁ ဒသမ ၆ ပေ ရေပိုလွှဲမှ ဆက်လက်ရေကျော်လျက်ရှိကြောင်း သိရသည်။

နတ်မောက်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိနေသော်လည်း တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်မှု အခြေအနေများကို တမံအောက်ဘက်ရှိ ဒေသခံပြည်သူများ သိရှိအောင် ဆောင်ရွက်ထားကြောင်း၊ မျက်မြင်စစ်ဆေးမှုအခြေအနေများအရ တမံနှင့် တမံဆက်စပ်ရေအား အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်ကြောင်း၊ ဝန်ထမ်းများကိုလည်း ရေကင်းတာဝန်ချကာ ၂၄ နာရီပတ်လုံး စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး တာဝန်ရှိသူအဆင့်ဆင့်ကလည်း အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ခံ ဦးထိန်လင်းထံမှ သိရသည်။

**သင်းသင်းမြတ်**



# ပခုက္ကူမြို့နယ်၌ ဝါမျိုးစုံ ဧက ၅၅၅၀ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပခုက္ကူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ် ဝါစိုက်ပျိုးရာသီအတွင်း ဝါမျိုးစုံ ဧက ၅၅၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးချည်မျှင်ရှည်ဝါဧက ၃၅၀၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၁၇၈ ဧက၊ မလှိုင် ၄၇၂ ဝါကြီးဧက ၁၅၅၀ စုစုပေါင်း ဝါမျိုးစုံ ဧက ၅၅၅၀ စိုက်ပျိုးကြသည်။ အဓိကအားဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ချည်မျှင်ရှည်ဝါမျိုးကို အများအပြားစိုက်ပျိုးကြကြောင်း၊ မိုးကောင်းသောက်ဝါ တစ်ဧကလျှင် ဝါပိဿာချိန် ၃၅၀ ခန့်နှင့် မြေအောက်ရေသွင်းစနစ်ဖြင့် စိုက်ပျိုးနိုင်ပါက ဝါပိဿာချိန် ၄၀၀ နီးပါး အထိထွက်ရှိကြောင်း၊ ဝါစိုက်တောင်သူများက ဝါမျိုးများကို စက်တင်ဘာလမှစတင်ကောက်ယူလျက်ရှိရာ ဝါပိဿာချိန်ပေါင်း ၁၉၈၁၃၅၀ အထိ ထွက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ် ဝါစိုက်ပျိုးရာသီတွင် မလှိုင် ၃၃၇၃ ဧက၊ ဝါကြီး ၂၇၇၃ ဧက၊ ချည်မျှင်ရှည်ဝါ ၅၈၇၉ ဧက စုစုပေါင်းဝါမျိုးစုံ ၁၂၀၂၅ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်း ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ထံမှ သိရသည်။

ထို့ပြင် ပခုက္ကူမြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီအတွင်း စပါး ၆၀၉၆၂ ဧက၊ ပဲမျိုးစုံ ၁၃၁၇၃၈ ဧက၊ ဆီထွက်သီးနှံ ၂၀၁၀၄၂ ဧက၊ ပြောင်းမျိုးစုံ ၁၉၁၉၆ ဧက၊ စားဖိုဆောင်သီးနှံမျိုးစုံ ၄၁၂ ဧက၊ ဝါမျိုးစုံဧက ၅၅၅၀ နှင့် အခြားသီးနှံစုစုပေါင်း ၂၀၇၅၄၄ ဧက စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း တောင်သူများ၏စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးပွားစေရေး၊ အရည်အသွေးပြည့်မီသည့်သီးနှံများ ရရှိစေရေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ ကွင်းဆင်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ၊ အသက်၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၃၁၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၀၇၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၀၆၆၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၄၃၄၆ ဦး၊ ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၄၉၆၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၁၄၇၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၁၂၆၀၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နှင့် မိုးညိုမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ထို့အတူ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၇၂၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၇၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၁၅၉၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၁၄၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၂၈၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၂၁၂၅၃ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ပြည်ကြီးမဏ္ဍိုင်**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၃ ရက်က ပြည်ကြီးမဏ္ဍိုင်မြို့ အခြေခံပညာအလယ်တန်းကျောင်း ဆေးထိုးစုရပ်တွင် ထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုက်နယ်တာဝန်ခံဆရာဝန် ဒေါက်တာဖြိုးမင်းသိမ်းနှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့က ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အသက် ၁၂ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား မိဘအုပ်ထိန်းသူများ၏ သဘောတူညီခွင့်ပြုချက်ဖြင့် ထိုးနှံပေးလျက်ရှိရာ ပြည်ကြီးမဏ္ဍိုင်မြို့နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၈၃ ဦးတို့အား ထိုးနှံပေးမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်အေးထံမှ သိရသည်။ **မျိုးလွင် (ပြန်/ဆက်)**

---

**တောင်ကုတ်**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲမှစ၍ ကံပိုင်ရပ်ကွက် အထက(၃) ကျောင်းခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ အခြေခံပညာကျောင်းများ၌ စတင်ထိုးနှံပေးလျက်ရှိရာ အထက(၃) ၂၉၇ ဦး၊ အထက (မအီ) ၁၀၀၂ ဦး၊ အထက (ခွဲ) သက္ကယ်ကျွန်း ၃၉၃ ဦး၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်ထိ စုစုပေါင်း ၁၆၀၄ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **စန်းဝင်း (ပြန်/ဆက်)**




# ညောင်ရွှေဒေသမှထွက်ရှိသည့် ခရမ်းချဉ် (အင်းသီး) များ ဈေးကောင်းရရှိ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုချိန်တွင် ညောင်ရွှေဒေသမှ ဝင်ရောက်နေသည့် ခရမ်းချဉ် (အင်းသီး) များ ဈေးကောင်းရရှိနေကြောင်း သိရသည်။

အဆိုပါ ခရမ်းချဉ် (အင်းသီး) များသည် ရှမ်းပြည်နယ်အတွင်းရှိ ညောင်ရွှေ၊ အင်းလေးဒေသတို့မှ ထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၂၂ ဘီးကား ခုနစ်စီးမှ ရှစ်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း စက်တင်ဘာလက ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် အမြင့်ဆုံး ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ သာရရှိခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၈၀၀၀ ဈေးအထိရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောကြားသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ အင်းလေးဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ ခရမ်းချဉ်သီးဈေးနှုန်းက ပြီးခဲ့တဲ့လကနဲ့နှိုင်းယှဉ်ရင် သောင်းဂဏန်းနီးပါးလောက်မြင့်တက်သွားပါတယ်။ ဈေးတက်တာက လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့်လည်းပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေမှုများကြောင့်လည်းပါတယ်။ မြေပြန့်သီးတွေမရှိတော့ ဈေးတက်သွားတာပါ။ ခရမ်းချဉ်သီးအပြင် ကျန်တဲ့ကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ အာလူးနဲ့ကြက်သွန်တွေကလည်း ဈေးကောင်းများရရှိနေကြပါတယ်" ဟု ၎င်းကပြောကြားသည်။

အဆိုပါ ခရမ်းချဉ် (အင်းသီး) များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဈေးကောင်းများ ရရှိနေကြောင်း၊ ဝင်ရောက်လျက်ရှိရာတွင်လည်း တွဲကား ၂၂ ဘီးကားဖြင့် တစ်ရက်လျှင် ခုနစ်စီး၊ ရှစ်စီးနှင့် ခြောက်ဘီးကားနှင့် ၁၀ ဘီးကားအစီးရေ ၂၀ ဝန်းကျင်ရှိနေကြောင်း၊ ယခု အောက်တိုဘာလကုန်ပါက မြေပြန့်ဒေသမှထွက်ရှိလာမည့် ခရမ်းချဉ်သီးများ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် ကုန်သီးနှံများအားလုံး ဈေးကောင်းများ ရရှိနေသဖြင့် ယခုနှစ်တွင် စိုက်ပျိုးသည့် တောင်သူများ အဆင်ပြေလျက် ရှိနေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောက်ဖြူဒေသထွက် ငါးတံခွန်ခြောက်များ ရောင်းအားကောင်း

**မြောက်ဦး အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ဒေသထွက် ငါးတံခွန်ခြောက်များမှာ ဝယ်ယူသူများပြားလျက်ရှိပြီး ရောင်းအားကောင်းလာကြောင်း ငါးခြောက်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးထံမှ သိရသည်။

"အခုအချိန်မှာ အရောင်းအဝယ်လိုက်တာက ငါးတံခွန်ခြောက်တစ်မျိုးပဲ အဝယ်လိုက်တာရှိတယ်၊ သဘော်က ဝယ်ယူတုန်းက ငါးတံခွန်ခြောက်တစ်ပိဿာကို ငွေကျပ် ၄၅၀၀ နဲ့ဝယ်ရပြီးတော့ ပြန်ရောင်းတဲ့အခါမှာ ငွေကျပ် ၅၀၀၀ နဲ့ ရောင်းချရပါတယ်၊ ဈေးကွက်တွေ အနေနဲ့ကတော့ ကျောက်ဖြူမြို့က ဈေးတွေအပြင် ရခိုင်ပြည်နယ်အတွင်း မြို့နယ်တွေဖြစ်တဲ့ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ တပ်တောင်၊ ရမ်းဗြဲ စတဲ့မြို့တွေကို ဖြန့်ပါတယ်" ဟု ငါးလုပ်ငန်းလုပ်ကိုင်နေသည့် ဦးခင်ဇော်က ပြောကြားသည်။



အဆိုပါ ငါးတံခွန်ငါးမှာ ပင်လယ်ငါးတစ်မျိုးဖြစ်ပြီး ရခိုင်ဒေသအခေါ် ငါးသရွဲခြောက်ဟုလည်း ခေါ်သည်။

၎င်းငါးတံခွန်ငါးကို ငါးပိရည်ကျိုပြုလုပ်ရာတွင် အသုံးပြုသလို ငါးတံခွန်ခြောက်ကို ချက်စားခြင်း၊ ကြော်စားခြင်း၊ မီးကင်၍ ဆီဆမ်းသုပ်စားခြင်းဖြင့် မြိန်ယှက်သော ဟင်းလျာအဖြစ် အသုံးဝင်သည့်အပြင် ကောက်ညှင်းပေါင်း၊ ဆီထမင်းပူပူတို့ဖြင့် မြန်မာ့ရိုးရာ နံနက်စာအဖြစ်လည်း တွဲဖက်စားသုံးလေ့ရှိကြသည်။ **တင်ထွန်းဦး(ပြန်/ဆက်)**

# မိုင်းပျဉ်းဒေသထွက်ခေါပုတ်များ အရောင်းသွက်

**မိုင်းပျဉ်း အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ဒေသထွက်ခေါပုတ်များ အရောင်းသွက်လျက်ရှိသည်။

ခေါပုတ်သည် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအစားအစာတစ်မျိုးဖြစ်ပြီး ရာသီမရွေး ပြုလုပ်ရောင်းချလျက်ရှိရာ ယခုအခါ ဆောင်းရာသီဝင်ခါစအချိန် ရာသီစာလည်းဖြစ်၊ ကြိုက်နှစ်သက်သူလည်း များပြားလာသည့်အတွက် ယခင်က တစ်နေ့လျှင် ၁၀ ပိဿာ၊ အလွန်ဆုံး ၁၅ ပိဿာလောက်သာ ပြုလုပ်ရောင်းချရပြီး အခုအခါ တစ်နေ့လျှင် ပိဿာ ၅၀ အထိ ပုံမှန်ရောင်းချရသည့်အပြင် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့်ရောင်းချကြောင်း ခေါပုတ်ပြုလုပ်ရောင်းချသူ ဒေါ်နန်းယုန်းက ပြောကြားသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်၌ မျိုးသန့်ရောမင်းစပါးခင်းများ အောင်မြင်ဖြစ်ထွန်း



**တောင်တွင်းကြီး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးနည်းပညာဖြင့် စိုက်ပျိုးထားသော တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာနှင့် ကွမ်းခြံစုကျေးရွာအနီးရှိ မိုးစပါးစံပြစိုက်ကွင်း ဧက ၁၀၀ တွင် ရောမင်းမျိုးသန့်မိုးစပါးများ စိုက်ပျိုးထားရှိရာ စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရောမင်းမျိုးသန့် စပါးခင်းများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး ကျေးရွာအုပ်စုများအလိုက် တောင်သူများနှင့်တွေ့ဆုံပြီး ပိုးမွှားကင်းစင်သည့် မျိုးသန့်မျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သတ်မှတ်အထွက်နှုန်းပြည့်မီစေရေးအတွက် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲစေရေး၊ ပေါင်းမြက်များ အချိန်မီနှိမ်နင်းရေး၊ ကင်းထောက်မှတ်တမ်းများရယူပြီး ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းပေးခြင်း၊ စိုက်ပျိုးရေချွေတာပြီး ရေသွင်းရေထုတ် မှန်ကန်စေရေး၊ သဘာဝမြေဩဇာများ၊ သဘာဝမှိုသတ်ဆေးများ၊ ပိုးသတ်ဆေးများ ကိုယ်တိုင်ပြုလုပ် သုံးစွဲစေရေး စသည့် နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ဝင်း(ပြန်/ဆက်)



## ပူတာအိုမြို့နယ်၌ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး သုတရသစာအုပ်များ လှူဒါန်း

**ပူတာအို အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စုအတွင်း ဖုန်ကန်ရာဇီရေခဲတောင်သွားလမ်းရှိ ခါးလန်ကျေးရွာ၌ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအတွက် သုတရသစာအုပ်များ မတည်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ လူငယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာအုပ် မတည်လှူဒါန်းပွဲတွင် စာရေးဆရာအကြီးကိုကို(ကသာ)က ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စာဖတ်ရခြင်း၏အကျိုးကျေးဇူးများကိုအသိပညာပေးဆွေးနွေးသည်။ ဆက်လက်၍ စာရေးဆရာအကြီးကိုကို(ကသာ)က ခါးလန်ကျေးရွာစာကြည့်တိုက်အတွက် သုတရသစာအုပ်များ မတည်လှူဒါန်းပေးခဲ့ပြီး ခါးလန်ကျေးရွာ လူငယ်ဘောလုံးအသင်းအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

အလားတူ အောက်တိုဘာ ၂၂ ရက်တွင် လုံနဒမ်းကျေးရွာလူငယ်ခန်းမတွင်လည်း ကျေးရွာစာကြည့်တိုက်အတွက် သုတရသစာအုပ်များ မတည်လှူဒါန်းပေးခဲ့ပြီး ကျေးရွာလူငယ်ဘောလုံးအသင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အနာဂတ်နိုင်ငံတော်အတွက် တောင်ပေါ်တိုင်းရင်းသား တိုင်းရင်းသူများမှ ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး၊ လူလူချင်းအမုန်းတရားများ ကင်းဝေးပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဥမကွဲသိုက်မပျက်ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးတွဲနေထိုင်ရေး၊ တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် လူငယ်များဖြစ်စေရန် ရည်ရွယ်၍ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

## စဉ့်ကိုင်မြို့နယ်၌ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**စဉ့်ကိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက နိုင်ငံတော်အစိုးရမှ မသန်စွမ်းသူများအတွက် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုများ၊ အနိုင်အထက်ပြုခြင်းများရှိခဲ့လျှင် ဥပဒေအရ အကာအကွယ်ပေးနေမှုအခြေအနေများ၊ မသန်စွမ်းသူများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေမှု၊ မသန်ပေမယ့်လည်း စွမ်းဆောင်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းမှစာရေးဆရာ ရှေ့နေဦးဝင်းကြည်က မြန်မာနိုင်ငံတွင် ၁၉၅၈ ခုနှစ်ကတည်းက မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အရေးများဆိုင်ရာ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်လည်း မသန်စွမ်းသူများနှင့်ပတ်သက်သည့် အခွင့်အရေးဆိုင်ရာ တန်းတူညီမျှရရှိစေရေး ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် မသန်ပေမယ့်လည်း စွမ်းဆောင်နိုင်သူများ ဖြစ်သည့်အတွက် စိတ်ဓာတ်ကျစရာမလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စဉ့်ကိုင်မြို့နယ်အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျန်ရှိနေသည့် မသန်စွမ်းသူများကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခဲ့ရာ ရပ်ကွက်/ကျေးရွာ အုပ်စု ၅၃ အုပ်စုမှ မသန်စွမ်းသူ ၄၀၇ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဝင်းဝင်းသန်း(စဉ့်ကိုင်)

## ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်ပေါက်ချောင်းရေကျဆင်းသဖြင့် သွားလာ၍ခက်ခဲသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယနေ့မွန်းလွဲ ၁ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောက်ပန်းတောင်း-ပုပ္ပားသွားကားလမ်းရှိ ဆည်ပေါက်ချောင်းရေ ကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ခရီးသွားများ သွားလာမှုခက်ခဲသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကျောက်ပန်းတောင်း- ပုပ္ပားသွား ကားလမ်း မိုင်တိုင်အမှတ်-၄၀၂/၂ နှင့် ၄၀၂/၃ အကြား ဆည်ပေါက်ကျေးရွာအနီးရှိ ဆည်ပေါက်ချောင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ခရီးသွားကားနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာရန် ခက်ခဲသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၄ဦး စုစုပေါင်း ၂၀ ဦးတို့သည် မြို့မစခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ပုပ္ပားနယ်မြေစခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်၍ ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)



## သရက်ခရိုင် ပြည်သူ့ဆေးရုံဝင်းရှိ အောက်ဆီဂျင်စက်ရုံသို့ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုး ၁၂၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက် ရောက်ရှိ

**သရက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြည်သူ့ဆေးရုံဝင်း၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့ ပူးပေါင်းတည်ဆောက်သည့် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အောက်ဆီဂျင်စက်ရုံသို့ ယမန်နေ့ နံနက် ၁၀ နာရီက အောက်ဆီဂျင်စက် ရောက်ရှိကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့တည်ဆောက်ပေးခြင်းဖြစ်ပြီး သရက်ခရိုင်အတွင်း၌ သရက်၊ အောင်လံ၊ မင်းတုန်း၊ ဆင်ပေါင်ဝဲမြို့နယ် လေးမြို့နယ်တို့တွင် အောက်ဆီဂျင်စက်ရရှိကာ မင်းလှမြို့နယ်တွင် ဒေသခံပြည်သူများ စီစဉ်ဆောက်လုပ်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၅၀၀ ထောက်ပံ့ပေးခဲ့သည်။

ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်ရွှေအောင်က အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်ပါက တစ်နာရီလျှင် လီတာ ၄၀ ဆံ့ ငါးလုံးထွက်ရှိမည်ဖြစ်ပြီး တစ်ရက်လျှင် အလုံး ၁၂၀ ရရှိမည်ဖြစ်ကာ စက်ရုံတည်ဆောက်ပေးမှုအတွက် ပြည်သူများ ပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး တက်ရောက်မည်



**နယူးဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် COP26 ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးက ယနေ့ အတည်ပြုပြောကြားသည်။

**နိုင်ငံပေါင်း ၁၂၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်မည်**

အဆိုပါ ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် ပါရီအစည်းအဝေးပြီးနောက်ပိုင်း အကြီးဆုံး ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးဖြစ်ကြောင်း သိရသည်။

COP26 ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်မည်ဖြစ်သော်လည်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် အီးယူတို့မှ ရာသီဥတုဆိုင်ရာ သံတမန်များနှင့် ဗြိတိန်နိုင်ငံမှ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး စီစဉ်သူများသည်လည်း အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ အစိုးရအား ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေး တွန်းအားပေးရန် မကြာသေးသည့်သီတင်းပတ်များအတွင်းက နယူးဒေလီမြို့သို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။

**တက်ရောက်မည်**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် လာမည့်သီတင်းပတ်ကုန်တွင် ရောမမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် ဂလက်စဂိုးမြို့၌ ကျင်းပမည့် COP26 ရာသီဥတုဆိုင်ရာထိပ်သီး အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အလင်းသစ်**

## ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ တက်ရောက်မည်

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက လာမည့်လအတွင်း ဗြိတိန်နိုင်ငံ၌ ကျင်းပမည့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ဝန်ကြီးချုပ် ကီရှီဒါ ရာထူးအာဏာ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

COP 26 အစည်းအဝေးကို စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်သည့် လုပ်ငန်းစဉ်များဆောင်ရွက်မှုအပေါ် အပြုသဘောဆောင်သည့် ရပ်တည်ချက်ကို ဂျပန်နိုင်ငံအနေဖြင့် ပြသရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ဆိုသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးပြင်ပ၌ အခြားသော နိုင်ငံခေါင်းဆောင်များနှင့်လည်း သီးခြားတွေ့ဆုံသွားရန် စီစဉ်ထားကြောင်း ကီရှီဒါက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## စင်ကာပူနိုင်ငံရှိ လုပ်ငန်းခွင်နေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူများကိုသာ လုပ်ငန်းခွင်ဝင်ရောက်ခွင့်ပြုမည့် ဥပဒေတစ်ရပ်ထုတ်ပြန်ရန် စီစဉ်

**စင်ကာပူ အောက်တိုဘာ ၂၄**

စင်ကာပူအစိုးရက လာမည့်နှစ်ဇန်နဝါရီ ၁ ရက်မှစပြီး နိုင်ငံအတွင်းရှိ လုပ်ငန်းခွင်နေရာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူများကိုသာ လုပ်ငန်းများဆောင်ရွက်ခွင့်ပြုမည့် ဥပဒေတစ်ရပ် ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။



လက်ရှိတွင် နိုင်ငံ၏ လူဦးရေ ၈၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ သို့သော် ဩဂုတ်လအတွင်း ကျန်းမာရေးစည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူအရေအတွက် သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ ယခုလအတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀၀ အထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ ဥပဒေအသစ်ကို ပြဋ္ဌာန်းမည်ဆိုပါက လုပ်ငန်းခွင်နေရာများတွင် ဘေးကင်းလုံခြုံစွာ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စင်ကာပူအစိုးရက ဆိုသည်။

ယင်းဥပဒေအရ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်း မရှိသည့် ပြည်သူများသည် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရခြင်းမရှိသည့် ဆေးသက်သေခံလက်မှတ်ပြသနိုင်မှသာ သို့မဟုတ် ရက်ပေါင်း ၂၇၀ အတွင်း ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူဖြစ်မှသာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသေးသည့် ပြည်သူများအား ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်များအတွင်းသို့ ဝင်ရောက်ခွင့်ကို စင်ကာပူအစိုးရက ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## အီရန်နိုင်ငံ၌ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၈၆ သန်းကျော်ရှိလာ

**တီဟီရန် အောက်တိုဘာ ၂၄**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၁၇၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၈၆၀၈၄၄ ဦးရှိလာကြောင်း အီရန် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၇၁ ဦးရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူ စုစုပေါင်း ၁၂၅၂၂၃ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၄၁၆၆၉၁ ဦးရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူစုစုပေါင်း ၄၂၉၄ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၀၈၄၃၅၇၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၂၉၅၀၃၇၈၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ကိုလံဘီယာနိုင်ငံ၏ အလိုရှိဆုံး မူးယစ်ရာဇာအား ဖမ်းဆီးရမိ

**ဘိုဂိုတာ အောက်တိုဘာ ၂၄**

ကိုလံဘီယာနိုင်ငံ၏ အလိုရှိဆုံး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူနှင့် နိုင်ငံ၏အကြီးဆုံး ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ဒိုရိုအန်တိုနီယိုယူဆူဂါအား ဖမ်းဆီးရမိပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။



အိုတိုနီယယ်ဟု လူသိများသည့် ဒိုရိုအန်တိုနီယိုယူဆူဂါအား ကိုလံဘီယာကြည်းတပ်၊ လေတပ်နှင့် ရဲတပ်ဖွဲ့ဝင်များက ယမန်နေ့တွင် ပူးပေါင်းစစ်ဆင်ရေးပြုလုပ်ကာ ရှာဖွေခဲ့ပြီးနောက် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာအစိုးရသည် ဒိုရိုအန်တိုနီယိုယူဆူဂါ နေထိုင်သည့်နေရာအား သတင်းပေးပါက ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၈၀၀၀၀၀ (ပေါင် ၅၈၂၀၀၀)ပေးမည်ဟု ကမ်းလှမ်းထားကြောင်းလည်း သိရသည်။ ဒိုရိုအန်တိုနီယိုယူဆူဂါအား ဖမ်းဆီးရမိခဲ့သည့်အတွက် ချီးကျူးပါကြောင်းလည်း ကိုလံဘီယာသမ္မတ အီဗန်ဒူကေးက ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ဗီဒီယိုသတင်းစကားတစ်ခုတွင် ပြောကြားသည်။

ဒိုရိုအန်တိုနီယိုယူဆူဂါအား ပနားမားနယ်စပ်အနီး ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းရှိ အန်တီယိုကွီယာပြည်နယ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒိုရိုအန်တိုနီယိုယူဆူဂါအား ဖမ်းဆီးရန် ပူးပေါင်းစစ်ဆင်ရေးတွင် ရဟတ်ယာဉ် ၂၂ စင်း၊ တပ်ဖွဲ့ဝင် ၅၀၀ ပါဝင်ကြောင်းနှင့် ရဲအရာရှိ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများကို ပြန်လည်ကုစားပေးမည့် အစီအစဉ် ဖော်ဆောင်လျက်ရှိ

**ကဘူးလ် အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများကို ပြန်လည်ကုစားပေးမည့် အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိကြောင်း အာဖဂန်နစ္စတန် စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနက ယနေ့ ပြောသည်။

အဆိုပါ အစီအစဉ်သည် ပြည်သူများ၏ အလုပ်အကိုင်များကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုပပျောက်ရေးကိုလည်း ပြန်လည်ကုစားပေးနိုင်မည်ဖြစ်သည်။ အာဖဂန်နစ္စတန် အိမ်စောင့်အစိုးရအဖွဲ့၏ ဝန်ကြီးများကောင်စီက ယင်းအစီအစဉ်ကို အတည်ပြုထောက်ခံခဲ့သည်။

အဆိုပါအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဂျုံခင်းများကို မြို့တော်ကဘူးလ်၌ ယနေ့ စတင်စိုက်ပျိုးခဲ့ပြီး အလုပ်သမား ၄၀၀၀၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ မကြာမီအချိန်တွင် အခြားသောဒေသများ၌ ဆက်လက်အကောင်အထည် ဖော်ဆောင်မည်ဖြစ်သည်။

ပြည်သူ့အကျိုးစီးပွားအတွက် အခြားသောကဏ္ဍများကိုလည်း မကြာမီအချိန်အတွင်း အစိုးရက အကောင်အထည်ဖော်ဆောင် သွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန် စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီး အဗ်ဒူရာမန်ရာရှစ်က မီဒီယာများအား ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် တာလီဘန်အဖွဲ့အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ပိုမိုဆိုးရွားလာခဲ့ပြီး ပြည်သူအများအပြား အလုပ်လက်မဲ့ဖြစ်ကာ ဆင်းရဲမှုနှုန်းများ မြင့်တက်လျက်ရှိသည်။

ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း အာဖဂန်နစ္စတန်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**





## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၁၇ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၀၆ ဦးရှိခြင်းကြောင့် လက်ရှိတွင် ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၁၇၅၄၆၈ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆၁ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၅၄၂၆၉ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၁၇၂၅၉၄ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၆၄၇၉ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၅၄၈၆၀၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

## ခေတ်အမီဆုံး စစ်ဘက်ဆက်သွယ်ရေးဂြိုဟ်တု ပြင်သစ်နိုင်ငံ အောင်မြင်စွာလွှတ်တင်

**ပါရီ အောက်တိုဘာ ၂၄**

ပြင်သစ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းလုံးရှိ ၎င်း၏တပ်ဖွဲ့ဝင်အားလုံးနှင့် လျင်မြန်စွာ ဆက်သွယ်နိုင်စေရန် ဒီဇိုင်းဆွဲထားသည့် ခေတ်အမီဆုံး ဂြိုဟ်တုတစ်စင်းကို ဂြိုဟ်ပတ်လမ်းထဲသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

ပြင်သစ်အစိုးရသည် ၂၀၁၉ ခုနှစ် ဇူလိုင်လက အာကာသတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့သည်။

ပြင်သစ်နိုင်ငံသည် မြေပြင်နှင့် အာကာသအတွင်း ကာကွယ်ရေး အဆင့်မြှင့်တင်ရန် အဆိုပါဂြိုဟ်တုကို ဒီဇိုင်းဆွဲထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း ပြင်သစ်လေတပ်နှင့် အာကာသတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စတယ်ဖနီစပက်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

Syracuse 4A satellite အား တင်ဆောင်သည့် Ariana 5 ဒုံးပျံသည် ပြင်သစ်နိုင်ငံ၏ ပင်လယ်ရပ်ခြားဒေသတစ်ခုဖြစ်သည့် ဂီယားနားပြည်နယ် ခုရီယိုမြို့မှ ယမန်နေ့က ထွက်ခွာပျံသန်းခဲ့ပြီး ၃၈ မိနစ် ၄၁ စက္ကန့်အတွင်း ၎င်း၏ခရီးစဉ်ကို အပြီးသတ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဂြိုဟ်တုသည် ၎င်း၏အနီးအနားပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်မည်ဖြစ်သလို တိုက်ခိုက်မှုတစ်ခုမှလွတ်မြောက်နိုင်ရန် ၎င်းကိုယ်တိုင်က ရွှေ့လျားနိုင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် ၎င်း၏ ဂြိုဟ်တုများအား ကာကွယ်နိုင်မှုစွမ်းဆောင်ရည်ကို စမ်းသပ်ရန် အာကာသထဲ၌ ပထမဆုံး စစ်ရေးလေ့ကျင့်မှုကို ယခုနှစ် မတ်လက စတင်ပြုလုပ်ခဲ့ရာ အာကာသထဲတွင် ပြင်သစ်တပ်မတော်၏ ပထမဆုံး စစ်ရေးလေ့ကျင့်မှုတစ်ရပ် ဖြစ်လာသလို ဥရောပတိုက်တွင်လည်း ပထမဆုံး စစ်ရေး လေ့ကျင့်မှုတစ်ရပ် ဖြစ်လာခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**



## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၂၈ ဦးရှိလာ



**ကွာလာလမ်ပူ အောက်တိုဘာ ၂၄**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၂၈ ဦးရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၄၂၆၀၅၀ ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၈၂၈ ဦးအနက် ၅၈၂၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခုနစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၂ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူစုစုပေါင်း ၂၈၃၅၄ ဦးရှိလာကြောင်း သိရသည်။

အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၁၇၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၃၂၀၃၉၁ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၇၇၃၀၅ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၆၂၀ သည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ၂၉၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၇၂ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၁၃ သန်းနီးပါး ထိုးနှံပေးပြီးဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံ၌ ယမန်နေ့နံနက်ပိုင်းအထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၁၃ သန်းနီးပါး ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၀၃၅၂၁၆၂၅ လုံး ဖြန့်ဝေထားပြီးဖြစ်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံ၌ ပြည်သူ ၂၂၀၁၄၅၇၇၉၆ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၁၉၀၄၀၂၂၆၂ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကို အသုံးပြုခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံရန် အတည်ပြုခဲ့သည့် ဩဂုတ် ၁၃ ရက်မှစတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၁၃ သန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**





# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၆၆၀ ရှိလာ

**မော်စကို အောက်တိုဘာ ၂၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၆၆၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၂၄၁၆၄၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၇၂ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၃၀၆၀၀ ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၂၇၈၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၇၁၆၅၉၂၁ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၇၉ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၆၆၉၂၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု သိသိသာသာမြင့်တက်လာသည့်အတွက် ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သည့် စိန့်ပီတာစဘတ်မြို့ရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ အလှပြင်ဆိုင်များ၊ အားကစားစင်တာများနှင့် အရေးတကြီး မလိုအပ်သည့် ကုန်သွယ်မှုများကို အောက်တိုဘာ ၃၀ ရက်မှစတင်ကာ နိုဝင်ဘာ ၇ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀၄၅ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း အောက်တိုဘာ ၂၄**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၄၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၈၈၉၄၀ ရှိပြီး သေဆုံးသူပေါင်း ၂၁၆၇၃ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၀၂၈ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ၁၇ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၉၆၆ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၅၂၄ ဦးနှင့် ဒေါင်နန်ခရိုင်၌ ၄၂၉ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လာသူပေါင်း ၈၀၅၉၇၈ ဦးရှိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၇၃ သန်းနီးပါးအား ထိုးနှံပေးပြီးဖြစ်သည်။

နိုင်ငံအတွင်း ရောဂါစတင်ကူးစက်သည့်အချိန် ဧပြီလနှောင်းပိုင်းမှစပြီး ပြည်တွင်းရောဂါကူးစက်ခံရသူပေါင်း ၈၈၄၁၇၇ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈ ဒသမ ၄၆ သန်းကျော်ရှိလာ



**အဒစ်အဘာဘာ အောက်တိုဘာ ၂၄**

အာဖရိကတိုက်၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၆၄၂၈၀ ရှိလာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၆၈၃၀ ရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၈၄၆၉၃၄ ဦးရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၁၉၃၃၂ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ၉၄၄၀၇၆ ဦးရှိသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၄၂၃၂၈၆၃ ဦး |
| သေဆုံးသူ | ၄၉၆၁၇၇၇ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၁၂၇၈၃၀၉ ဦး |

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ည ၇ နာရီတွင် ဘားအံမြို့နယ် ဘားအံ-အိန္ဒူသွားကားလမ်း နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာအနီးတွင် စိုးသိန်း(ခ) အီစမိုင်မောင်းနှင်ပြီး စောမောင်(ခ) အိုစမန် လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀ ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၂ ရက် ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ နောက်လယ်ရပ်ကွက် (၇)လမ်းတွင် အာကာဇော်(ခ) မတ်ဟီရှာ မောင်းနှင်၍ အောင်ခန့်ဇော်(ခ) အူမာန်ဖွာလု လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ည ၉ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့က မြိတ်တောင်ရပ်ကွက် ကမ်းသာယာလမ်းနေ အောင်မျိုးသက်(ခ) ချီးကိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် ပတ္တမြားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်စိုးအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့် အမှတ်(၃)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ တိုက်အမှတ်(၃၇)၊ အခန်းအမှတ်(၃/ဘီ)သို့ ဝင်ရောက်ရှာဖွေရာ ငြိမ်းချမ်းအောင်အား တွေ့ရှိရပြီး ဘိန်းဖြူ သုည ဒသမ ၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် အိုက်စ် သုည ဒသမ ၁၅ ကီလိုတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာရှိ လိန်းလီကြိုးတံတားအနီးတွင် ထွန်းငွေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀ ကိုလည်းကောင်း၊ ထို့ပြင် ညနေပိုင်းတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ သန်းဇော်ဦး(ခ) သန်းထိုက်အောင်(ခ)အီဗရာဟင် မောင်းနှင်၍ မျိုးမင်းသန်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ထွန်းငွေ၊ သန်းဇော်ဦး(ခ) သန်းထိုက်အောင်(ခ) အီဗရာဟင်နှင့် မျိုးမင်းသန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃၈ စီး၊ သွင်းကုန် ၁၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၅၀ သန်း)တန်ဖိုးရှိ ခရီးသည်ဝန်စည်များနှင့်ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D (100 ml x 50) (50 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၀-၂၀၂၁ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- ၀၉:၃၅ ငွေးမြူရေးရာအပြာပြာ 'ပေတော ဦစားကြက်ငွေးမြူရေးခြံ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာကြီးလှ မိနှင့်ဖ'
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- ၁၆:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ၁၇:၀၅ This Week's Special Interest
- ၁၇:၂၅ ကျန်းမာရေးမဂ္ဂဇင်း 'သွားကျန်းမာရေးစောင့်ရှောက်ပေး'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၂၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၀၁)(ဇာတ်သိမ်း)
- ၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာရှင်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

- 07:01 News
- 07:26 Global Partnership for Brighter Future: Demark Pavilion at Expo 2020 Dubai
- 07:31 Myanmar Puppet
- 07:37 South Okkalapa Pagoda
- 07:54 Dat Taw Gyaik Waterfall
- 08:01 Myanmar Masterclass: Impressionism
- 08:07 Crab Business (Part-I) Mud Crab
- 08:23 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- 08:36 Chef Life: Ce'dric Davoine (French Chef)
- 09:00 Ecotourism: Along River Chindwin To Khamti
- 09:18 Tigers, Lions and the Guardians
- 09:28 Discovering Tribes "Rvwang" Their Life and Customs (Part-1)v

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ပေါ်သူလေးရဲ့ရိုးရာဟင်းလျာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဖျိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပသော ကျုံထော်ရေတံခွန်

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
အယ်ရီယတ်သီချင်းကြီး

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြရအောင် (အပိုင်း-၂)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အိပ်မက်ကကြိုးကာခုန်သူ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဝါကျွတ်ပြီ (ဇာတ်လမ်း)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ရှိန်ကန်အမျိုးသားဖက်ရှင်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက်(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



❍ ကျောဖုံးမှ

သဘာဝရှုခင်းအလှများကို ပြင်ဆင်ထားရှိကြောင်း၊ ဖွင့်လှစ်ခွင့်ရပါက ဝါးနက်ဆင်စခန်းမှ ခရီးရှည်၊ ခရီးတိုလမ်းကြောင်း ခရီးစဉ်များဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဆင်စီးခများသည်လည်း ယခင်မူလဈေးနှုန်းအတိုင်းသာရှိသေးကြောင်း သိရသည်။

“ကျွန်တော်တို့ ဝါးနက်ဆင်စခန်းက ဆင်စခန်းတွေ ပြန်ဖွင့်ချိန်မှာ ဧည့်သည်တွေအတွက် ဆင်စီးရင်း သဘာဝတောတောင်ရှုခင်းအလှတွေနဲ့ ဝန်ဆောင်မှုပေးနိုင်စေဖို့ပြင်ဆင်ထားရှိပါတယ်။ ကိုဗစ်စည်းကမ်းညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ထားရှိပေးပါတယ်။ ဖွင့်လှစ်ခွင့်ပြုတဲ့အချိန်မှာ ဖွင့်လှစ်နိုင်ဖို့အတွက် အဆင်သင့်ကြိုတင်ပြင်ဆင်ထားတာပါ။ လာရောက်လည်ပတ်သူတွေအတွက် ဧည့်ခံအဆောက်အအုံတွေ ပြင်ဆင်ထားပါတယ်။ သစ်ပင်ပန်းမန်တွေ သာယာလှပဖို့နဲ့ စိမ်းလန်းစိုပြည်စေဖို့အတွက် ဦးစားပေးလုပ်ထားပါတယ်။ အပင်တွေကိုလည်း တိုးချဲ့စိုက်ပျိုးထားပါတယ်။ ဆင်စာအတွက် ငှက်ပျောခင်းတွေလည်း တိုးချဲ့စိုက်ပျိုးထားပါတယ်။ ဖွင့်လှစ်ခွင့်ပြုပါက ကိုဗစ်စည်းကမ်းနဲ့အညီ ဝါးနက်ဆင်စခန်းကနေ စတင်ပြီး ဖွင့်လှစ်သွားမှာပါ။ ဝါးနက်ဆင်စခန်းမှာ ဆင်အကောင်ရေ ရှစ်ကောင်ရှိပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါဆင်စခန်းသည် ကိုဗစ်ကာလ ယာယီပိတ်ထားရသော်လည်း လက်ရှိအချိန်တွင် ဆင်ချစ်သူများက မွေးနေ့အလှူအဖြစ် အွန်လိုင်းမှ ဆင်စာလှူဒါန်းကျွေးမွေးသူများရှိကြောင်း၊ ဆင်အစာအတွက် တစ်ကြိမ်ကျွေးမွေးပါက ငွေကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ကုန်ကျကြောင်း၊ ထို့အပြင် ဆင်အစာများဝယ်၍ လာရောက်ကျွေးမွေးခိုင်းသူများလည်းရှိကြောင်း၊ ဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ခွင့်ရပါက ဆင်စီးပြီး သဘာဝရှုခင်းများ ကြည့်ရှုသူများအတွက် ယခင် မူလဈေးနှုန်းဖြစ်သော ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းများလည်း လက်ရှိအချိန်ထိ ပြောင်းလဲမှုမရှိသေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၁၀-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ကျောင်းသားအရွယ်ကလေးငယ်တွေရဲ့ ပညာရေးကို ဦးစားပေးပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး ဆောင်ရွက်နေတဲ့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက နောက်မကျဘူးဆိုတာ ပြောကြားလိုပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ကလေးများတွင် အသုံးပြုနိုင်သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများအကြောင်း သိကောင်းစရာ

ကလေးများတွင် အသုံးပြုနိုင်သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးကို တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ ကလေးတွေမှာ အသုံးပြုနိုင်တဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးတွေအကြောင်းကို ပြောကြားပေးပါဦး။**

**ဖြေ။** ။ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်ဖြစ်ပွားကူးစက်စဉ် ကာလမှာ လူကြီးတွေမှာ ကာကွယ်ဆေး လွှမ်းခြုံမှု အားကောင်းလာတာနဲ့အတူ ဗိုင်းရပ်စ်က ကလေးတွေဘက်ကို လှည့်လာတယ်။ နိုင်ငံတကာ မှာလည်း ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေး နိုင်ဖို့က အထူးအလေးထားပြီး ဆောင်ရွက်လာတာ ကို တွေ့ရပါတယ်။ အခုအချိန်ကာလက နိုင်ငံတကာ မှာ ကျောင်းတွေပြန်ဖွင့်နေတဲ့အချိန် ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားစဉ်ကာလမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများမှာ ကျောင်းတွေက ပိတ်ထားရတာဖြစ်ပါတယ်။ ကိုဗစ်– ၁၉ ရောဂါအန္တရာယ်ကင်းဝေးပြီး ကျောင်းတွေ စိတ်ချလက်ချဖွင့်နိုင်ဖို့ ကျောင်းသားအရွယ်ကလေး တွေကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုက အရေးကြီး ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကလေးတွေကောင်း မွန်စွာ ပညာသင်ကြားနိုင်ဖို့ ကလေးတွေအကြား ကိုဗစ် – ၁၉ ရောဂါ အစုလိုက် အပြုံလိုက် ကူးစက် ခံရမှုနဲ့ ရောဂါကြောင့် သေဆုံးမှုအန္တရာယ်လျော့ချ နိုင်ဖို့နဲ့ နောက်ဆက်တွဲဖြစ်နိုင်တဲ့ ရောဂါတွေကနေ ကင်းဝေးဖို့ ကျောင်းသားအရွယ်ကလေးငယ်တွေကို ကာကွယ်ဆေးထိုးနှံပေးမှဖြစ်မယ်ဆိုပြီး နိုင်ငံတကာ မှာ ဒီအရွယ်ကလေးတွေကို ကာကွယ်ဆေးတွေ ထိုးနှံပေးနေကြပါတယ်။

အစောဆုံးထိုးနှံပေးတဲ့ နိုင်ငံတွေအထဲမှာ တရုတ်နိုင်ငံနဲ့ ကျူးဘားနိုင်ငံပါပါတယ်။ ကျူးဘား နိုင်ငံဆိုရင် ဩဂုတ်လအတွင်းမှာ Soberana–02 ဆိုတဲ့ဆေးကို ကလေးအသက် နှစ်နှစ်လောက် အထိကို စပြီးထိုးနှံပေးပါတယ်။ ဒီဆေးကို ကျူးဘား နိုင်ငံအနေနဲ့ အသုံးပြုဖို့ အသိအမှတ်ပြုထားပြီး သူ့နိုင်ငံမှာပဲ စတင်ထိုးနှံပေးတာ ဖြစ်ပါတယ်။ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ် မျိုးကွဲကြောင့် ကျူးဘား နိုင်ငံရှိ ကလေးတွေကြားမှာ ရောဂါဖြစ်ပွားမှုတွေ မြင့်တက်လာတဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုပဲ ချီလီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အယ်လ်ဆာဗေးဒိုးနိုင်ငံ၊ ယူအေအီးနိုင်ငံတွေမှာ ကလေးတွေကို စတင်ပြီး ကာကွယ်ဆေးထိုးနှံပေး နေပြီလို့ သိရှိရပါတယ်။ ချီလီနိုင်ငံမှာဆိုရင် အသက် ခြောက်နှစ်အထက် ကလေးတွေကို Sinovac ကာကွယ်ဆေးထိုးနှံပေးတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် အသက် ၃ နှစ်ကနေ ၁၇ နှစ်အထိ Sinovac ကာကွယ်ဆေးကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်အထိ အကြိမ်ရေ ၆၃ သန်း ထိုးနှံခဲ့ပြီးဖြစ်တာကို တွေ့ရပါတယ်။ Sinovac ကာကွယ်ဆေးအနေနဲ့ အသက် ၃ နှစ်ကနေ ၁၇ နှစ်အထိ အသက်အုပ်စုအတွင်းမှာ ဘေးကင်းစိတ်ချ စွာ အသုံးပြုနိုင်ခွင့်ကို တရုတ်နိုင်ငံက ၂၀၂၁ ခုနှစ် ဇွန်လအတွင်းမှာ ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ အယ်လ်ဆာဗေးဒိုးနိုင်ငံမှာ အသက် ၆ နှစ်အထက် ကနေစပြီး ထိုးနှံပေးနေတာ ဖြစ်ပါတယ်။



ပုသိမ်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတွေမှာ အသက် ၁၈ နှစ်အောက် ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးနေတာ ဖြစ်ပါတယ်။ ချီလီနိုင်ငံမှာ အသက် ၁၆ နှစ်၊ ၁၇ နှစ် အရွယ်လူငယ်တွေရဲ့ ၈၇ ရာခိုင်နှုန်း၊ အသက် ၁၄ နှစ်၊ ၁၅ နှစ်ကလေးတွေရဲ့ ၈၁ ရာခိုင်နှုန်း၊ အသက် ၁၂ နှစ်မှ ၁၃ နှစ် ကလေးတွေရဲ့ ၅၇ ရာခိုင်နှုန်းကို Sinovac ကာကွယ်ဆေးထိုးထားပြီး ကလေး ၁ ဒသမ ၅ သန်းအထိ ဆက်လက်ထိုးနှံပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ စက်တင်ဘာလ ၂၉ ရက်အထိ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ် ကလေးနဲ့လူငယ်ဦးရေ ၁ ဒသမ ၇ သန်းခန့်နဲ့ အသက် ၆ နှစ်မှ ၁၂ နှစ်အထိ ကလေး ဦးရေ ၁ ဒသမ ၇ သန်းခန့်ကို Sinovac ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ပါတယ်။

နိုင်ငံတကာမှာလည်း ချမ်းသာတဲ့နိုင်ငံတွေ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ အတော်များများမှာ အသက် ၁၈ နှစ်အောက်၊ ၁၂ နှစ်အထက်၊ အချို့ဆိုရင် ဒီထက်ပိုပြီး ငယ်တဲ့အရွယ်တွေကို ကာကွယ်ဆေး ထိုးနှံပေးတဲ့အစီအစဉ်တွေကို အင်တိုက်အားတိုက် ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံ နဲ့တစ်နိုင်ငံက သက်ဆိုင်ရာနိုင်ငံရဲ့ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) လို ဆေးဝါး အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်အပေါ် မူတည်ပြီး ထိုးနှံပေးတဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအမျိုးမျိုးရှိနိုင်ပါတယ်။ အချို့ကျတော့ ကိုယ့်နိုင်ငံအတွင်းမှာ ထုတ်လုပ်တဲ့ကာကွယ်ဆေးကို ကိုယ့်နိုင်ငံအတွင်းမှာပဲ ထိုးနှံတယ်။ အချို့ ကာကွယ်ဆေးတွေကျတော့ နိုင်ငံတကာမှာ ကျယ်ကျယ်ပြန့်ပြန့် ထိုးနှံနိုင်တာဖြစ်ပါတယ်။ ကျူးဘားနိုင်ငံမှာတော့ Soberana–02 တို့၊ Abdala တို့ကို သူ့နိုင်ငံအတွင်းမှာပဲ သူ့နိုင်ငံရဲ့ ဆေးဝါး အာဏာပိုင်အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်နဲ့ ထိုးနှံတာ ဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတော်တော်များများမှာတော့ Sinovac လိုမျိုး Inactivated Virus ပါဝင်တဲ့ ကာကွယ်ဆေးကို ထိုးကြတာ ဖြစ်ပါတယ်။

အနောက်နိုင်ငံတွေမှာ ‘ဖိုက်ဇာ’ကာကွယ်ဆေး ထိုးနှံပေးနေပါတယ်။ ဒီအချက်တွေကိုကြည့်ရင် နိုင်ငံတကာမှာ အသက် ၁၈ နှစ်အောက် ကလေး တွေအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လာနေပြီး မြန်မာ နိုင်ငံအနေနဲ့ အောက်တိုဘာလ ၁၂ ရက်ကစတင်ပြီး အသက် ၁၂ နှစ်ပြည့်ပြီးသူ အခြေခံပညာအလယ် တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူတွေ ကို စတင်ထိုးနှံနေပြီဖြစ်ပါတယ်။ ကျောင်းသား အရွယ် ကလေးငယ်တွေရဲ့ပညာရေးကို ဦးစားပေးပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး ဆောင်ရွက်နေတဲ့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက နောက်မကျဘူးဆိုတာ ပြောကြားလိုပါတယ်။

**❖ ကိုဗစ်- ၁၉ ရောဂါအန္တရာယ်ကင်းဝေးပြီး ကျောင်းတွေ စိတ်ချလက်ချ ဖွင့်နိုင်ဖို့ ကျောင်းသားအရွယ်ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုက အရေးကြီး**

**❖ နိုင်ငံတကာမှာ အသက် ၁၈ နှစ်အောက်ကလေးတွေအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လာနေပြီး မြန်မာနိုင်ငံ အနေနဲ့ အောက်တိုဘာလ ၁၂ ရက်ကစတင်ပြီး အသက် ၁၂ နှစ်ပြည့်ပြီးသူ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူတွေကို စတင် ထိုးနှံနေပြီဖြစ်**

## ထက်လျှံ

**မေး။ ။ ကလေးတွေမှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရင် ဘယ်လိုအကျိုး ကျေးဇူးတွေ ရရှိမယ်ဆိုတာကို ပြောကြားပေးစေ လိုပါတယ်။**

**ဖြေ။** ။ ကလေးတွေမှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရင် လူကြီးတွေလိုပဲ အကျိုးကျေးဇူးတွေရပါတယ်။ နံပါတ် (၁) အကျိုး ကျေးဇူးအနေနဲ့ပြောရရင် ကလေးတွေမှာ ရောဂါပိုး ဝင်ရောက်ကူးစက်နိုင်မှုတွေကို အတိုင်းအတာတစ်ခု အထိ လျှော့ချနိုင်မယ်။ အစုလိုက် အပြုံလိုက် ဖြစ်ပွားမှုတွေကို ကာကွယ်ပေးနိုင်မယ်။ ရောဂါ ပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှု၊ ရောဂါကြောင့်အသက်သေဆုံးရမှုတွေကို လျှော့ချ နိုင်မယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားပြီး ကလေးတွေမှာ Multisystem Inflammatory Syndrome in Children (MIS–C) ဖြစ်ပွားတာ၊ ကိုဗစ်ရဲ့နောက်ဆက်တွဲ ရေရှည်ဆိုးကျိုး Long Covid ဖြစ်ပွားနိုင်တာ၊ ကိုဗစ်– ၁၉ရောဂါနောက်ဆက်တွဲ ဦးနှောက်အာရုံကြောစနစ် ရောင်ရမ်းတာတွေကို လျှော့ချပေးနိုင်မှာ ဖြစ်ပါ တယ်။ ဒီလိုမျိုး နောက်ဆက်တွဲရောဂါတွေကြောင့် သေဆုံးမှုတွေဖြစ်ပွားနိုင်တာကို လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။

နံပါတ် (၂) အကျိုးကျေးဇူးက ကလေးတွေကနေ တစ်ဆင့် အခြားသူတွေကို ဆက်လက် ကူးစက်နိုင် တာကို ကာကွယ်လျှော့ချပေးနိုင်တာ ဖြစ်ပါတယ်။ ကလေးတွေက ကာကွယ်ဆေးထိုးထားလို့ ရောဂါ ကာကွယ်မှုတွေရထားရင် သူတို့ကနေတစ်ဆင့် ဆက်လက်ကူးစက်နိုင်မှုက နည်းသွားမယ်။ မတော်တဆများ ကလေးက ရောဂါပိုးသယ်ဆောင် လာပြီး အသက်အရွယ်ကြီးတဲ့ ရောဂါအခံရှိတဲ့ ကာကွယ်ဆေးမထိုးထားရသေးတဲ့ အဘိုးအဘွားကို ကူးစက်စေမယ်ဆိုရင် အဲဒီအဘိုးအဘွားမှာ အသက် သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်ပါတယ်။ ဒီလို အခြေအနေမျိုးတွေကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးတွေမှာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးထားရင် သူတို့အနေနဲ့ ရောဂါ ဖြစ်ပွားသေဆုံးမှုကို ကာကွယ်နိုင်တဲ့အပြင် အိမ်မှာရှိတဲ့ အသက်အရွယ်ကြီးသူတွေလည်း အကာအကွယ်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၃) အကျိုးကျေးဇူးက ကလေးတွေရဲ့ ကိုယ်ခံအားစနစ်က သူတို့ရဲ့ ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးမှုနဲ့အတူ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေတာ ဖြစ်ပါတယ်။ ဒီအချိန်မှာ တစ်ဖက်က မျိုးဗီဇ ပြောင်းဗိုင်းရပ်စ်က ဝင်လာတဲ့အခါ ဖွံ့ဖြိုးနေတဲ့ ကလေးရဲ့ခုခံအားစနစ်နဲ့တွေ့ပြီး ဒီဗိုင်းရပ်စ်အနေနဲ့ မျိုးပြောင်းတာတွေများ ဆက်ပြီးဖြစ်နိုင်မလား ဆိုတာကလည်း စိတ်ပူရပါတယ်။ ကလေးတွေ ကြားထဲမှာ ကူးစက်မှုတွေ လျော့ပါးသွားတာနဲ့အမျှ ဒီလိုဗိုင်းရပ်စ်မျိုးဗီဇ ဆက်လက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်နိုင်တာကလည်း လျော့ကျသွားမှာဖြစ်ပါတယ်။

နံပါတ် (၄) အကျိုးကျေးဇူးက လူကြီးတွေက ကာကွယ်ဆေးလွှမ်းခြုံမှုရနေပေမယ့် ကလေးတွေ က ကျန်နေတော့ ကလေးတွေကြားမှာ ကူးစက်မှုတွေ မြင့်တက်လာနိုင်ပါတယ်။ **စာမျက်နှာ ၁၇ သို့**☆

## ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ကျောင်းကုန်း အောက်တိုဘာ ၂၄**

ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆေးထိုးရန်ကျန်ရှိနေသေးသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်) ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆေးထိုးရန် ကျန်ရှိနေသေးသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၅၂ ဦး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ၃၄ ဦးနှင့် အောက်ပိုင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ၁၆ ဦး စုစုပေါင်း ၁၀၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်းနှင့် ကျောင်းကုန်းမြို့နယ်အနေဖြင့် ကျောင်းသား ကျောင်းသူ ၈၀ ရာခိုင်နှုန်းခန့်အား ကာကွယ်ဆေး ထိုးနှံပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောသည်။ ဆက်လက်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအားကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ပုသိမ်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာ အုပ်စုအတွင်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။



အထက ရွှေမြင်တင် ကိုဗစ်-၁၉ ကာကွယ်ရေးစင်တာတွင် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဝါးယားချောင်းမူလွန်မှ ၅၂ ဦး၊ ကြည်သာမူလွန်မှ ၆၅ ဦး၊ နတ်ပြည်ချော လ/ခွဲမှ ၉၄ ဦး၊ ရွှေမြင်တင်အထကမှ ၇၅၄ ဦးအပါအဝင် ကျောင်းသား ၄၆၂ ဦးနှင့် ကျောင်းသူ ၅၀၃ ဦး စုစုပေါင်း ၉၆၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံကြသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုအား ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေသန်း၊ အတွင်းရေးမှူး ရဲမှူးတင်လှိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းမင်းတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

☆စာမျက်နှာ ၁၆ မှ

ကလေးတွေကိုပါ ကာကွယ်ဆေးထိုးထားနိုင်ရင် အသက်အုပ်စုအားလုံးအတွက် ကာကွယ်ဆေးလွှမ်းခြုံမှုတွေ မြင့်မားလာတာနဲ့အမျှ လူအုပ်စုအလိုက် ခုခံအားစနစ်တွေ အားကောင်းလာပြီး ရောဂါပိုးဝင်ရောက်ကူးစက်နိုင်မှု လျော့ကျမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့အတွက် လူတိုင်းရဲ့သွေးထဲမှာ ရောဂါကာကွယ်တဲ့ ပဋိပစ္စည်းတွေရှိလာတဲ့အခါ အဲ့ဒီလိုလူအုပ်စုတွေထဲမှာ ဗိုင်းရပ်စ်က အလွယ်တကူ ကူးစက်ဖို့မလွယ်တော့ပါဘူး။ ဒါဆိုရင် ဒေသအလိုက် ရောဂါကူးစက်မှုနှုန်းတွေပါ သိသိသာသာ ကျဆင်းလာမှာဖြစ်တဲ့အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်ကြီးအတွက်လည်း အလွန်အကျိုးရှိပါတယ်။

**ကူးစက်မှုနည်းမှာဖြစ်**

နံပါတ် ၅ အရေးကြီးဆုံးအကျိုးကျေးဇူးက ပညာရေးဖြစ်ပါတယ်။ ကလေးတွေက ကိုဗစ် – ၁၉ ကြောင့် ပညာသင်ကြားရေးတွေ ရပ်တန့်နေရတယ်။ အနာဂတ်ကို ဦးဆောင်မယ့် ကလေးတွေက ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်ဖို့လိုတာဖြစ်ပါတယ်။ ဒီလိုပညာတတ်ဖို့အတွက်က ကျောင်းပညာရေးတွေ သင်ကြားရမှာဖြစ်ပါတယ်။ ပညာသင်ကြားရေးမှာ ကလေးတွေကပါ ကာကွယ်ဆေးထိုးနှံမှုရရှိတဲ့အခါ သူတို့ကြားမှာ ကူးစက်မှုနည်းမှာဖြစ်ပါတယ်။ ကျောင်းမှာ ကလေးတစ်ဦးက ကိုဗစ် – ၁၉ ပိုးတွေ့ပြီဆိုရင် သူ့ဆရာမက Contact ဖြစ်မယ်။ သူနဲ့အနီးအနားထိုင်တဲ့ ကလေးတွေအကုန်လုံးကလည်း Contact ဖြစ်သွားမယ်။ ထိတွေ့တဲ့သူ (Close Contact) တွေ အကုန်လုံးကိုလည်း ပိုး ရှိ မရှိ စစ်ဆေးပြီး ကွာရန်တင်းဝင်ရမယ့် သဘောမျိုးဖြစ်လာနိုင်ပါတယ်။ ဒီတော့ ဒီအတန်းက ခေတ္တပိတ်လိုက်ရမယ့် သဘောမျိုးဖြစ်သွားပြီး ကလေးတွေရဲ့ပညာရေးကို ထိခိုက်စေပါတယ်။ ဒီလိုမထိခိုက်ရအောင် ကလေးတွေမှာ ရောဂါကာကွယ်တဲ့ ကိုယ်ခံအားတွေရနေမယ်ဆိုရင် စဉ်ဆက်မပြတ် ပညာသင်ကြားရေးကိုလည်း ကောင်းစွာအထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။ အခုတင်ပြခဲ့တဲ့ အကျိုးကျေးဇူးတွေရှိတဲ့အတွက် ကလေးတွေမှာ ကာကွယ်ဆေးထိုးနှံတဲ့အစီအစဉ်တွေကို နိုင်ငံတကာမှာလည်း အားပေးပြီး ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

မေး။ ။ အသက် ၁၈ နှစ်အောက်ကလေးတွေမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးရင် ဘေးထွက်ဆိုးကျိုးအနေနဲ့ ဘာတွေရှိနိုင်တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ဘေးထွက်ဆိုးကျိုးအနေနဲ့ကတော့ Sinovac ကာကွယ်ဆေးမှာ အလွန်နည်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။ နေပြည်တော်မှာ အောက်တိုဘာ ၁၂ ရက်အထိ အသက် ၁၂ နှစ်နှင့်အထက်ကလေးတွေ ၈၀၀၊ ၉၀၀ လောက် ထိုးနှံပေးပြီးပါပြီ။ ဘေးထွက်ဆိုးကျိုးဖြစ်ခဲ့တယ်ဆိုတာကို မတွေ့ရပါဘူး။ ဒီလိုပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အသက် ၃ နှစ်ကနေ ၁၇ နှစ် အထိ အကြိမ်ရေ ၆၃ သန်း ထိုးနှံပြီးဖြစ်တဲ့အခါမှာ ပြင်းပြင်းထန်ထန်ဖြစ်ပွားတဲ့အနေနဲ့ လူဦးရေတစ်သန်းမှာ တစ်ယောက်လောက်ပဲဖြစ်ပွားတာရှိတယ်လို့ သိရပါတယ်။ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှာပါတဲ့ ဝက်သက်ကာကွယ်ဆေးဆိုရင် လူဦးရေတစ်သိန်းမှာ တစ်ယောက်လောက်က ပြင်းပြင်းထန်ထန်ဖြစ်ပွားတတ်တဲ့ နောက်ဆက်တွဲဆိုးကျိုး adverse event following immunization (AEFI) တွေရှိတာဖြစ်လို့ Sinovac အနေနဲ့ အလွန်စိတ်ချရတဲ့ ကာကွယ်ဆေးထဲမှာ ပါဝင်ပါတယ်။

**အရေးပေါ်ဆေးအဖွဲ့တွေရှိ**

ဒါ့အပြင် ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးတစ်ခုခုဖြစ်ပွားရင် ကာကွယ်ဆေးထိုးစုရပ်တွေမှာ အရေးပေါ်ဆေးအဖွဲ့တွေရှိပါတယ်။ လိုအပ်တဲ့ဆေးဝါးကုသမှုတွေကို ချက်ချင်းပေးမှာဖြစ်ပါတယ်။ အခုထိုးပေးနေတဲ့ Sinovac ဆိုရင်လည်း အသက် ၃ နှစ်အောက်အထိကို ဆက်လက်ထိုးနှံပေးနိုင်ဖို့ သုတေသနတွေ ဆောင်ရွက်နေတာတွေရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချီလီ၊ ကင်ညာ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တောင်အာဖရိကစတဲ့နိုင်ငံတွေမှာ အသက် ၆ လကနေ ၁၇ နှစ်အထိ ကလေးပေါင်း ၁၄၀၀၀ ကို သုတေသန ပြုနေကြောင်း သိရှိရပါတယ်။ အဲ့ဒီလိုငယ်ရွယ်တဲ့ အုပ်စုတွေကိုတောင်မှ သုတေသနပြုနေတဲ့အဆင့်ဆိုတော့ ဒီဆေးရဲ့ဘေးထွက်ဆိုးကျိုးဆိုတာ အင်မတန်မှနည်းတာဖြစ်ကြောင်း သိနိုင်ပါတယ်။ Sinovac ကာကွယ်ဆေးမှာ တွေ့နိုင်တဲ့ သာမန်နောက်ဆက်တွဲလက္ခဏာလေးတွေကတော့ ခေါင်းမူးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပျို့ခြင်း၊ ခေါင်းကိုက်ခြင်း၊ အရေပြားယားယံခြင်း၊ အနီပြင်ထွက်ခြင်း၊ အန်ခြင်း၊ သတိလစ်ခြင်း၊ ဖျားခြင်း၊ ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်နိုင်သော်လည်း များသောအားဖြင့် ၄၈ နာရီအတွင်း ပြန်ကောင်းသွားပါတယ်။ သတိပြုရမယ့်အချက်တစ်ခုက ကာကွယ်ဆေးထိုးပြီး ပြင်းထန်တဲ့ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပွားရင်လည်း ဆေးထိုးပြီး မိနစ် ၃၀ အတွင်းမှာပဲ ဖြစ်ပွားတာများပါတယ်။ နိုင်ငံတကာမှာ လေ့လာချက်တွေအရ ပထမ ၁၅ မိနစ်အတွင်းက ပိုပြီးဖြစ်တတ်ပါတယ်။ ဒီတော့ ဆေးထိုးပြီး နာရီဝက်စောင့်ဆိုင်းဖို့က အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် နာရီဝက်စောင့်ဆိုင်းဖို့ ပြောကြားတာဖြစ်ပြီး အမှန်တကယ်လည်း စောင့်ဆိုင်းဖို့ လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။

ဖြေ။ ။ နိုင်ငံတကာမှာလည်း အသက် ၁၂ နှစ်နှင့်အထက်အပြင် အသက် ၁၂ နှစ်အောက်ကလေးတွေကိုလည်း လက်လှမ်းမီထိုးနှံနိုင်သလောက် သုတေသနတွေ အဆင့်ဆင့်ပြုလုပ်ပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေတဲ့ နိုင်ငံတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးကို မိမိတို့အလှည့်၊ မိမိတို့သားသမီးတွေ အလှည့်ရောက်လာရင် မပျက်မကွက်ထိုးနှံမှုတွေ ခံယူကြဖို့ ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄၂၁၃ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၃-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၄,၂၁၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄ ဒသမ ၈၃) ရာခိုင်နှုန်း**ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၇၃၄,၈၁၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၄,၂၆၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၀၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၅၆,၇၈၁)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၅၃၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၂,၃၈၇,၅၇၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၅,၇၀၁,၅၃၆) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၆၈၆,၀၃၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၃-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၁၈,၀၈၉,၁၀၉) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅၇)ခု | (၃၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၈)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၃)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၈)ခု | (၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄)ခု | (၅)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၂)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၄)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၅)ခု | (၅၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၉၁၂)ခု | (၅၈၃)ဦး |
| စုစုပေါင်း | (၁၄,၂၁၃)ခု | (၆၈၇)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၃-၁၀-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၆၈၆,၀၃၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၅,၇၀၁,၅၃၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၂,၃၈၇,၅၇၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၈,၀၈၉,၁၀၉) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၂၉၄၂၁၀ | ၃၆၀၃၃၈၈၆ | ၇၅၆၆၂၀၅ |
| ၂။ | အိန္ဒိယ | ၃၄၁၇၅၄၆၈ | ၃၃၃၄၈၆၀၅ | ၄၅၄၃၀၁ |
| ၃။ | ဘရာဇီး | ၂၁၇၂၃၅၅၉ | ၂၀၈၉၅၈၈၆ | ၆၀၅၅၆၉ |
| ၄။ | ဗြိတိန် | ၈၇၃၄၉၃၄ | ၇၁၁၆၁၇၉ | ၁၃၉၄၆၁ |
| ၅။ | ရုရှား | ၈၂၄၁၆၄၃ | ၇၁၆၅၉၂၁ | ၂၃၀၆၀၀ |
| ၆။ | တူရကီ | ၇၈၂၇၀၁၃ | ၇၂၅၉၅၈၅ | ၆၈၉၁၇ |
| ၇။ | ပြင်သစ် | ၇၁၂၀၈၆၃ | ၆၉၀၉၅၉၆ | ၁၁၇၄၆၃ |
| ၈။ | အီရန် | ၅၈၆၀၈၄၄ | ၅၄၁၆၆၉၁ | ၁၂၅၂၂၃ |
| ၉။ | အာဂျင်တီးနား | ၅၂၇၉၈၁၈ | ၅၁၄၅၆၀၉ | ၁၁၅၈၂၃ |
| ၁၀။ | စပိန် | ၄၉၉၇၇၃၂ | ၄၈၄၈၄၃၂ | ၈၇၁၃၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၀၀၁၉ | ၄၀၈၂၄၅၄ | ၁၄၃၂၀၅ |
| ၂။ | ဖိလစ်ပိုင် | ၂၇၅၆၉၂၃ | ၂၆၅၄၁၇၃ | ၄၁၇၉၃ |
| ၃။ | မလေးရှား | ၂၄၂၆၀၅၀ | ၂၃၂၀၃၉၁ | ၂၈၃၅၄ |
| ၄။ | ထိုင်း | ၁၈၅၀၄၈၂ | ၁၇၃၀၇၂၇ | ၁၈၇၅၅ |
| ၅။ | ဗီယက်နမ် | ၈၈၈၉၄၀ | ၈၀၅၉၇၈ | ၂၁၆၇၃ |
| ၆။ | မြန်မာ | ၄၉၄၂၆၃ | ၄၅၆၇၈၁ | ၁၈၅၃၈ |
| ၇။ | စင်ကာပူ | ၁၆၉၂၆၁ | ၁၃၉၂၂၉ | ၃၀၀ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၇၇၂ | ၁၁၂၉၇၇ | ၂၇၃၄ |
| ၉။ | လာအို | ၃၅၆၃၃ | ၂၇၈၉၃ | ၅၂ |
| ၁၀။ | ဘရူနိုင်း | ၁၂၁၁၃ | ၉၆၀၈ | ၈၀ |

# ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး


ဒလမြို့နယ်
နိုင်လင်းကျော်(IPRD)


လက်ပံတန်းမြို့နယ်
ဝင့်နန္ဒာဌေး(ပြန်/ဆက်)


ပေါင်မြို့နယ်
ဝဏ္ဏမောင်(ပြန်/ဆက်)


မုဒုံမြို့နယ်
အောင်မျိုးသူ(ပြန်/ဆက်)


ကန့်ဘလူမြို့နယ်
အောင်ဝင်းမြင့်(ကန့်ဘလူ)


မောင်တောမြို့နယ်
သက်လွင်စိုး(ပြန်/ဆက်)


ချောင်းဆုံမြို့နယ်
ချောင်းဆုံ(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

မိဘများ ကြိုတင်ဆောင်ရွက်ရမည့်
သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ မိမိတို့၏သား၊ သမီးများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသို့ မပျက်မကွက် (မပျက်မကွက်) စေလွှတ်ရန်၊
၂။ မိမိတို့၏သား၊ သမီးများကို ကျောင်းမှချမှတ်ထားသည့် စည်းကမ်းများနှင့် လိုက်လျောညီထွေစွာ ပြောဆိုပြုမူကျင့်ကြံနေထိုင်တတ်စေရေး လေ့ကျင့်ပေးရန်၊
၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊
၄။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ကူညီပံ့ပိုးဆောင်ရွက်ရန်၊
၅။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီး၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

ဓမ္မ ပုံပြင်

# ပညာရှိ အမတ်ကြီး

မင်းယုဝေ

ရှေး သရောအခါ ဗာရာဏသီပြည်ဝယ် ဇနသန္ဓမင်း စိုးစံပြု၏။ ထိုမင်းတွင် အာဒါသမုခမည်သော သားငယ် ထွန်းကား၏။ ထိုသားတော်သည် ခုနစ်နှစ်အရွယ်သို့ ရောက်ရှိလာချိန်၌ ခမည်းတော် နတ်ရွာစံသည်။

အမတ်များသည် အာဒါသမုခမင်းသား အရွယ်ငယ်လွန်းသဖြင့် ချက်ချင်းမင်းမမြှောက်ဝံ့ပေ။ ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်၊ မဖြစ် စုံစမ်းကြသည်။

တစ်နေ့သ၌ အမတ်တို့သည်မျောက်တစ်ကောင်ကို ဆရာအသွင် ဝတ်စားဆင်ယင်ပြီးလျှင် မင်းသားထံ ခေါ်ဆောင်လာကြသည်။

"အရှင်မင်းမြတ်၊ ဤသူသည် ခမည်းတော်လက်ထက်ဝယ် အိမ်ရာမြေကိုသိသောဆရာ ဖြစ်၏။ ပညာဉာဏ်ရှိ၏။ မြေအောက်အတွင်း ခုနစ်တောင်ရှိသောအရပ်၌ မည်သို့သော အခြေအနေရှိသည်ကို သိမြင်၏။ မင်းမျိုးတို့၏အိမ်ရာကို ဤဆရာသည်ပင်လျှင် စီရင်ရ၏။ ဆရာကို ချီးမြှောက်ထားတော်မူပါ" ဟု လျှောက်ထားကြ၏။

မင်းသားသည် လူမဟုတ်ဘဲ မျောက်မှန်း သိသဖြင့်... "အို... အမတ်တို့၊ ဤမျောက်ကား အိမ်၊ မြေရာကိုသိသောဆရာ မဟုတ်နိုင်၊ လျှပ်ပေါ်လော်လည်သောတိရစ္ဆာန်သာ ဖြစ်၏"ဟုဆို၏။

ထိုအခါ အမတ်တို့က... "အရှင်မင်းမြတ် မိန့်တော်မူသည့်အတိုင်း ဖြစ်နိုင်ပါသည်"ဟု လျှောက်ထားသည်။ ထိုမျောက်ကိုခေါ်ဆောင်သွားပြီးလျှင် အခြားမျောက်တစ်ကောင်ကို တန်ဆာဆင်၍ ခေါ်ဆောင်လာပြန်သည်။

"အရှင်မင်းမြတ်၊ ဤသူကား ခမည်းတော်လက်ထက်၌ တရားစီရင်သော အမတ်တည်း၊ ဤသူကို ချီးမြှောက်၍ရာထူးပေးသင့်ပါသည်"ဟု လျှောက်ကြပြန်၏။

မင်းသားသည် ထိုမျောက်ကိုကြည့်၍... "အို.. အမတ်တို့ ဤသတ္တဝါကား မျောက်သာဖြစ်၏။ အဘယ်မှာလျှင် တရားဆုံးဖြတ်နိုင်သော ဉာဏ်ပညာရှိနိုင်ပါအံ့နည်း"ဟူ၍ ဆို၏။

ထိုအခါ အမတ်တို့ကလည်း "အရှင်မင်းမြတ်... မိန့်တော်မူသည့်အတိုင်း ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထားကြသည်။ ထိုမျောက်ကို ပြန်လည်ခေါ်ဆောင်သွားကြသည်။ မကြာမီ အခြားမျောက်တစ်ကောင်ကို တန်ဆာဆင်ပြန်၍ မင်းသားထံ ခေါ်ဆောင်လာပြန်သည်။

"အရှင်မင်းမြတ်၊ ဤသူကား ခမည်းတော်လက်ထက်၌ မိဘတို့ကို လုပ်ကျွေးသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ့ကိုချီးမြှောက်၍ ရာထူးတစ်နေရာရာ၌ ခန့်ထားတော်မူပါ"ဟု လျှောက်ကြပြန်၏။

မင်းသားကလည်း ထိုမျောက်ကို ကြည့်၍... "ဤသူကား မိဘတို့ကို လုပ်ကျွေးသူမဖြစ်နိုင်၊ အဘယ့်ကြောင့် ရာထူးပေးရပါမည်နည်း"ဟူ၍ မိန့်တော်မူသည်။

အမတ်တို့ကလည်း... "အမိန့်တော်အတိုင်း ဖြစ်လိမ့်မည်"ဟုဆိုကာ မျောက်ကို ခေါ်ဆောင်သွားကြလေသည်။

အမတ်တို့က.... "ဤမင်းသားသည် ပညာဉာဏ်နှင့် ပြည့်စုံ၏။ မင်းပြုနိုင်စွမ်းရှိလိမ့်မည်"ဟူ၍ အချင်းချင်း ဆိုကြသည်။ ထို့နောက် မင်းသားငယ်ကို ဘိသိက်သွန်း၍ မင်းမြှောက်လိုက်ကြလေသည်။

ထိုအခါမှစ၍ အာဒါသမုခမင်းသည် တရားနှင့်အညီမင်းပြုတော်မူ၏။

ထိုအခါ ခမည်းတော် ဇနသန္ဓမင်းထံ အမြဲခစားသော ဂါမဏိစန္ဒအမတ်ကြီးသည် "အာဒါသမုခမင်းကို မလေးစား၊ မရိုသေ၊ ငါနှင့် အရွယ်တူဖြစ်သောမင်းထံ ခစားရခြင်းသည်တင့်တယ်၏။ ယခုကဲ့သို့ အသက်အရွယ်ငယ်သော မင်းငယ်ထံ၌ မခစားလို၊ ကျေးလက်တောရွာသို့သွား၍ လယ်လုပ်ကာ အသက်မွေးတော့မည်"ဟုဆိုလျက် မြို့တော်မှ သုံးယူဇနာကွာဝေးသော ရွာသို့ သွားရောက်သည်။ ထိုရွာ၌ နေထိုင်လေ၏။

**နွားငှားအမှု**

ဂါမဏိစန္ဒအမတ်သည် မိုးရွာချိန်သို့ရောက်သောအခါ လယ်ထွန်မည်ပြု၏။ နွားမရှိသဖြင့် မိတ်ဆွေတစ်ဦးထံမှ နွားနှစ်ကောင်ကို ငှားရမ်းသည်။ တစ်နေ့လုံး လယ်ထွန်သည်။ ပြီးသောအခါ နွားတို့ကို အစာကျွေး၍ နွားရှင်ထံပြန်အပ်ရန် ထိုအိမ်သို့ သွားသည်။

ထိုအချိန်၌ နွားရှင်လင်မယားသည် ထမင်းစားနေကြ၏။ နွားတို့လည်း မိမိတို့ နေနေကျဖြစ်သော အိမ်ဖြစ်၍ ခြံအတွင်းသို့ အလိုအလျောက်ဝင်သွားကြလေသည်။ မိတ်ဆွေ နွားရှင်လင်မယားလည်း သူတို့၏ နွားဝင်လာသည်ကို မြင်ကြ၏။

ထို့ကြောင့် ဂါမဏိစန္ဒသည် နွားတို့ကို မအပ်နှင်းဘဲ ပြန်ခဲ့၏။

ညဉ့်အခါ၌ နွားတို့ကို သူခိုးများခိုးသွားကြ၏။ နံနက်လင်းသောအခါ နွားခြံဝယ် နွားတို့မရှိတော့ပေ။ နွားရှင်လင်မယားက သူခိုး ခိုးမှန်း သိပါလျက်နှင့် ဂါမဏိစန္ဒထံသွားသည်။ လျော်ကြေးတောင်းခံသည်။

"အဆွေ၊ အသင်ငှားရမ်းခဲ့သော နွားတို့ကိုပေးပါ"

"နွားတို့သင့်အိမ်ထဲသို့ဝင်လာသည်ကို သင်တို့ မြင်သည်မဟုတ်ပါလား"

"အကျွန်ုပ်တို့အား သင် အပ်နှင်းခဲ့ပါသလော"

"ငါ မအပ်ခဲ့ပါ"

"မအပ်လျှင် လျော်ကြေးပေးပါ၊ မပေးပါက မင်းထံသို့ ပို့မည်၊ လိုက်ခဲ့လော"

ဤသို့ဆိုကာ နွားရှင်သည် ဂါမဏိစန္ဒကို မင်းထံသို့ ခေါ်ဆောင်သွားလေသည်။

**ကိုယ်ဝန်ပျက်မှု**

ဤသို့သွားရာမှလမ်းခရီးတွင် အခြားရွာတစ်ရွာသို့ ရောက်သွားသည်။ ထိုရွာ၌ ဂါမဏိစန္ဒ၏ အဆွေခင်ပွန်းတစ်ဦး နေထိုင်သည်။ ဂါမဏိစန္ဒသည် ထမင်းဆာလှသဖြင့် နွားရှင်အား...


"အဆွေ၊ ခေတ္တစောင့်ပါ၊ ငါ့အဆွေခင်ပွန်းထံသွား၍ ထမင်းစားဦးမည်"ဟု ဆို၏။ ထို့နောက် အဆွေခင်ပွန်းအိမ်သို့ သွား၏။ ထိုအချိန်၌ ယောကျ်ားသည် အိမ်၌မရှိ၊ မိန်းမသည်သာရှိ၏။ ထိုမိန်းမသည် ဂါမဏိစန္ဒ ထမင်းစားလိုသည်ကို သိသောအခါ...

"အရှင် ထမင်းမရှိတော့ပါ။ ခဏဆိုင်းပါဦး၊ ယခုပင် ချက်၍ကျွေးပါမည်"ဟုဆို၏။ ထို့နောက် ဆန်ယူရန် လှေကားဖြင့် ကျီသို့လျင်မြန်စွာတက်၏။ ထိုစဉ် လှေကားပေါ်မှ မြေသို့လိမ့်ကျသွားသည်။ မိန်းမ၌ ကိုယ်ဝန် ခုနစ်လရှိနေရာ ကိုယ်ဝန်ပျက်လေတော့သည်။

ထိုအခိုက်တွင် လင်ယောကျ်ား ပြန်ရောက်လာသည်။ အဖြစ်အပျက်ကို သိမြင်လျှင် ဂါမဏိစန္ဒကို အပြစ်တင်လေသည်။

"အသင်သည် ငါ့မယား ကိုယ်ဝန်ကို ပျက်စီးစေသည်။ သင့်အား မင်းထံ ပို့အံ့၊ လာလော့"ဟု ဆို၍ မင်းထံ ခေါ်ဆောင်သွားသည်။ အမှုသည် နှစ်ယောက်တို့သည် ဂါမဏိစန္ဒကို အလယ်၌ထား၍ မင်းထံ ခေါ်ဆောင်သွားကြသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

## ကဗျာ

### ဝါကျွတ်ကန်တော့ပန်း

ကြော့ရရော့ ဆံကိုဖြေ။
ထိပ်ထက် လက်မှုံနှင့်
ဆယ်ဖြာစုံ ပဏာသ
တုပ်ကွရှိသေ။
ရှင်ဘုရားသာပ
တရားမြတ် ဓမ္မာရွှေ
ပျိုမေက ရည်စူး။
ထေရ်သံဃာ
အနန္တော အနန္တာပ
ဆွေမာတာ ပိတာဖ,ယ်နှင့်
မြတ်ဆရာ အာစာရကိုဖြင့်
ဝါကျွတ်ချိန် ဦးနှိမ်ချလို့ငယ်
ညွတ်ခလို့ဖူး။ ။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှုဘဝ

# ဆယ်ကျော်သက်များအတွက် တိုးတက်မှု အတွေးအခေါ်

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

ဆယ်ကျော်သက်များကို အားကောင်းပြီး ကျန်းမာစေသော တိုးတက်စေသော အတွေးအခေါ်များ တည်ဆောက်ပေးဖို့ အကူအညီပေးရာတွင် မိဘများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ ဤတွင် တိုးတက်စေသော အတွေးအခေါ် (Growth mindset)နှင့် ပုံသေအတွေးအခေါ် (Fixed mindset) တို့၏ ကွဲပြားသောသဘာဝကို သိရှိရန် အရေးကြီးသည်။ တိုးတက်စေသော အတွေးအခေါ် စိတ်နေစိတ်ထားသည် လူတို့အနေဖြင့် သူတို့၏ စွမ်းရည်များကို တိုးတက်စေနိုင်သည်ဟု ယုံကြည်ခြင်း ဖြစ်သည်။ ပုံသေအတွေးအခေါ်သည် လူတို့၏ အသိဉာဏ်နှင့် အရည်အသွေးများသည် မွေးရာပါဖြစ်ပြီး သိသိသာသာ မပြောင်းလဲနိုင်ကြောင်း ယုံကြည်ခြင်းပင်ဖြစ်သည်။ ဆယ်ကျော်သက် တော်တော်များများသည် ပုံသေအတွေးအခေါ်တွင် စွဲကပ်နေကြသည်။ သူတို့က "သင်္ချာမတော်ဘူး" သို့မဟုတ် "တင်းနစ်အသင်းမှာ ဘယ်တော့မှ ရှိမှာမဟုတ်ဘူး"ဟု ယုံကြည်ကြသည်။

မိဘများ၏ ပြောဆိုမှုများတွင် "တိုးတက်စေသော အတွေးအခေါ်"ကို ထည့်သွင်း ပြောဆိုခြင်းသည် ဆယ်ကျော်သက်များအား ကြိုးပမ်းအားထုတ်မှုနှင့် ပံ့ပိုးကူညီမှုတို့ဖြင့် သတင်းစကားပေးပို့ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် ဆယ်ကျော်သက်များအား

- သူတို့၏ ရလဒ်များကို တိုးတက်စေသည်။ (ဥပမာ–သင်္ချာဆရာနှင့် တွေ့ဆုံခြင်းသည် နောက်ဆုံးသင်ခန်းစာကို နားလည်စေခဲ့သည်။)
- သူတို့၏ အရည်အချင်းများကို တိုးတက်အောင် ပြုလုပ်ပေးနိုင်သည်။ (ငါလေ့ကျင့်ရင်း ပိုကောင်းလာနိုင်တယ်။)
- သူတို့၏ ပင်ကိုစွမ်းရည်များကို တိုးတက်စေနိုင်သည်။ (နေ့စဉ် လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်စေလိမ့်မည်။)

စင်စစ် တိုးတက်စေသော အတွေးအခေါ်၏ အကျိုးကျေးဇူးများသည်(ပညာရေး)အဆင့်များနှင့် ပြေးခုန်ပစ်များတွင် ရပ်တန့်မနေသင့်ချေ။ ယင်း တိုးတက်စေသော အတွေးအခေါ်သည် ဆယ်ကျော်သက်များ သဲကြီးမဲကြီးဖြစ်သော၊ စိတ်လှုပ်ရှားလွယ်သော မည်သည့်အရာတွင်မဆို အသုံးချနိုင်သည်။ ၎င်းသည် သူတို့၏ သူငယ်ချင်းများနှင့် ဆက်ဆံရေးကို အားကောင်းစေသည်။ တိုးတက်မှုအတွေးအခေါ် ရှိစေသည်။ ဆယ်ကျော်သက်ကို အသင်းအဖွဲ့(Team) တစ်ခု၏ အရေးပါသော အဖွဲ့ဝင်တစ်ဦးအနေဖြင့် မြင်ကြသည်။ အဆိုပါ ဆယ်ကျော်သက်များသည် သူတို့ယုံကြည်ရာ တစ်ခုခုကို ထုတ်ပြောကြသည်။ ဤသို့ဖြင့် ကြောက်ရွံ့ခြင်းကို ကျော်လွှားနိုင်ကြသည်။ ဤတွင် တည်ငြိမ်ပြီး ယုံကြည်မှုရှိသော အနေအထားကနေ သူတို့၏တိုးတက်လာသော အတွေးအခေါ်ကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် အားပေးနိုင်သည်။ မိဘများအနေဖြင့် သူတို့၏ ဆယ်ကျော်သက်များကို စဉ်းစားဖို့ လုပ်ဆောင်ဖို့နှင့် လက်ရှိအခြေအနေကိုပင် လျှင် မေးခွန်းထုတ်ဖို့ နေရာပေးနိုင်သည်။ သူတို့၏ ဆန်းသစ်ဖန်တီးမှုအတွက် ထွက်ပေါက်များ ရှာပေးပါ။ သူတို့၏ အန္တရာယ်များသော အပြုအမူအတွက် သင့်တော်သော အခြားနည်းလမ်းများကိုပေးပါ။ ပန်းတိုင်သတ်မှတ်ခြင်းကို အားပေးပါ။ ဤအခန်းကဏ္ဍသည် မိဘများအတွက် မလွယ်ကူပါ။ မိဘများအနေဖြင့် "ပြီးပြည့်စုံသော အကျိုးဆက်များ"ကို ရှာဖွေခြင်းထက် ဆယ်ကျော်သက်များနှင့် ကောင်းမွန်သော ဆက်ဆံရေး အားကောင်းစေရန် အထောက်အကူဖြစ်စေသော အချက်များကို ပိုမိုအာရုံစိုက်ရပေမည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်များဘက်မှာရှိသည်ဟု သိသောအခါ သူတို့က မိဘများ၏ အမြင်ကို ပိုပြီး ပွင့်ပွင့်လင်းလင်းနှင့် အနာဂတ်အတွက် သူတို့ချမှတ်ထားသော ပန်းတိုင်များဆီသို့ လမ်းညွှန်ပေးရန် မိဘများကို ပြောဆိုလာနိုင်သည်။


မိဘများက စတင်ပြောဆိုသည့်အခါ ဆယ်ကျော်သက်များသည် မိဘများပြောဆိုသည့် လေသံအတိုင်း ပြောဆိုခြင်း၊ လျစ်လျူရှုခြင်း (သို့မဟုတ်)တွန်းအားပေးခြင်းကို ပြုလုပ်လေ့ရှိကြသည်။ သင့် ဆယ်ကျော်သက်၏ ဦးနှောက်သည် မျက်မှောက်လောကကြီးကို ကွဲပြားစွာ ကြည့်နေသည်ကို သတိရပါ။ မိဘများ စကားပြောဆိုသည့် စကားလုံးများတွင် တိုးတက်မှုအတွေးအခေါ်ကို ထည့်သွင်းပါ။ သို့ရာတွင် အတင်းအကျပ်မလုပ်ဘဲ ပွင့်လင်းသောစကားဝိုင်းဖြင့် ပုံဖော်ကြည့်ပါ။

ဆယ်ကျော်သက်များကို နေ့စဉ်အတွေ့အကြုံများ(တီဗွီ၊ သတင်း၊ ကျောင်း)တွင် တစ်ဦးတစ်ယောက်တွင်ရှိသော တိုးတက်မှု အတွေးအခေါ်နမူနာများ အတုယူရန် အားပေးပါ။ မိဘများအနေဖြင့် ဆယ်ကျော်သက်များကို တိုးတက်မှုရှိစေပြီး သင်ယူနိုင်သော နည်းလမ်းများကို မျှဝေပါ။ ထင်ရှားကျော်ကြားသူများ၏ အောင်မြင်မှုများကို ဆယ်ကျော်သက်များအား မျှဝေပါ။ ညစာစားပွဲတွင် မိဘများအနေဖြင့် ဖတ်သင့်သော စာအုပ်များတွင် ပါဝင်သူများအကြောင်း ဆယ်ကျော်သက်များသိရှိအောင် မျှဝေပေးပါ။ အချို့ ဆယ်ကျော်သက်များသည် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ခြင်းသို့ ရောက်သောအခါ အိပ်မက်များ မက်ပြီး အနာဂတ်အတွက် သူတို့ကိုယ် သူတို့ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ထားကြသည်။ မိဘများအနေဖြင့် မိမိတို့ မျှော်လင့်ချက် အိပ်မက်များကို ဆယ်ကျော်သက်များဆီသို့ လွှဲပြောင်းပေးဖို့ လွယ်ကူသည်။ သူတို့ကို ပုံစံခွက်နှင့် အံကိုက်နေမည့် အစားအထောက်အပံ့အဖြစ် အတူလိုက်ပါဆောင်ရွက်ပါ။ သူတို့ဘာသာ ပန်းတိုင်များ သတ်မှတ်ခြင်းထက် ပန်းတိုင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အာရုံစိုက်ပါ။ မိသားစုအနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဖန်တီးနိုင်သော ရွေးချယ်မှုများကို အသုံးပြုပါ။ မိဘများအနေဖြင့် ဆယ်ကျော်သက်များအတွက် လမ်းကြောင်းချောမွေ့အောင် သို့မဟုတ် ဆယ်ကျော်သက်များကို အစဉ်အမြဲ ပျော်ရွှင်အောင် ကြိုးစားကြလေ့ရှိသည်။ သို့ရာတွင် ဆယ်ကျော်သက်များကို အနီးကပ် အာရုံစိုက်ရမည်မှာ မိဘများ၏ အခန်းကဏ္ဍပင် ဖြစ်သည်။ Carl Dweek ဆိုသူက "နောက်ထပ် သင်ယူမှုများအကြောင်း သင့်ကလေးများနှင့် စကားပြောပါ" ဟု အကြံပြုထားသည်။ သင့်ကလေး စာမေးပွဲမအောင်သည့်အခါ ဖြစ်ပျက်ပုံကို ကြည့်ပြီး သင်၏ ဆယ်ကျော်သက်နှင့် ပြဿနာဖြေရှင်းနည်းများကို စူးစမ်းပါ။ မိဘများအနေဖြင့် ပြဿနာကို အတူတကွ ဖြေရှင်းခြင်းသည် ဆယ်ကျော်သက်အတွက် နောက်ထပ် အကူအညီ လိုအပ်သည့်နေရာများကို မီးမောင်းထိုးပြနိုင်သည်။

မိဘများတွင် ကမ်းလှမ်းရန် အမြော်အမြင် အသိပညာနှင့် ထိုးထွင်းသိမြင်မှုများရှိသည်။ စကားဝိုင်းတွင် ဆယ်ကျော်သက်များအတွက် ပွင့်လင်းသော အဖွင့်မေးခွန်းများ မေးခြင်းက ပိုကောင်းသည်။ အကြံဉာဏ်များ၊ ဖြေရှင်းချက်များ၊ အတွေးအမြင်များ အတွက် သင်၏ ဆယ်ကျော်သက်ကိုမေးပါ။ အဖြေရှာရန် ဝေဖန်ခြင်းထက် သူတို့၏ ရှုထောင့်အမြင်အား စာနာကြည့်ပါ။ မိဘများအနေဖြင့် လိုလိုလားလား နားထောင်လိုကြောင်း ထပ်လောင်းပြောဆိုပါ။ မိဘများအနေဖြင့် မိမိတို့ ကိုယ်ပိုင်အတွေးအခေါ်နှင့် ဆယ်ကျော်သက်များအား ပြောင်းလွယ်ပြင်လွယ်ဖြစ်သော တိုးတက်သော အတွေးအခေါ်ကို လက်ခံဖို့ အားပေးရမည် ဖြစ်သည်။ ထိုကဲ့သို့ မိဘများက ကူညီပံ့ပိုးပေးခြင်းဖြင့် ဆယ်ကျော်သက်များအတွက် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ။

*[Ref: How to teach growth mindset to teens by Nichol Schwarz]*

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံးစရာ

### ဘယ်လိုလုပ်မလဲ

ဖခင်။ လောကမှာ ရုပ်ရည်ချောမောဖို့က အဓိကမဟုတ်ပါဘူး၊ အရည်အချင်းရှိဖို့ကသာ အဓိကပါကွဲ့။

သား။ ဒါဆို ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ ဘယ်လိုလုပ်မလဲ ဖေဖေ။

**မာတင်ဖဲ**



## မိုင်းရယ်မြို့နယ်၌ ဒုတိယအသုတ်(ဒုတိယအကြိမ်)နှင့် တတိယအသုတ်(ပထမအကြိမ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးလျက်ရှိ

**မိုင်းရယ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယနေ့နံနက် ၉ နာရီမှစတင်၍ မိုင်းရယ်မြို့ နမ့်ရယ်ခန်းမနှင့် မန်ပုံကျေးလက်ကျန်းမာရေးဌာနခွဲတို့တွင် အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအား ဒုတိယအသုတ်(ဒုတိယအကြိမ်)နှင့် တတိယအသုတ် (ပထမအကြိမ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

မိုင်းရယ်မြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် ဒုတိယအသုတ် (ဒုတိယအကြိမ်) ထိုးနှံရမည့် ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ ၁၂၉ ဦး၊ တတိယအသုတ် (ပထမအကြိမ်) ထိုးနှံရမည့် ဦးတည်အုပ်စုများအလိုက် ယနေ့ထိုးနှံနိုင်မှုမှာ ၁၂၀ ဖြစ်ကြောင်းနှင့် ဆေးထိုးနှံရန်ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ထိုက်**
**ဟန်နီခင်(မိုင်းရယ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၅၆၁၂၉ ဦးရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ လက်ရှိပညာသင်ကြားလျက်ရှိကြသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၈၅၀၀ ကျော်အား အောက်တိုဘာ ၁၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကာကွယ်ဆေးထိုးနှံပြီးသူဦးရေ ၅၆၁၂၉ ဦးရှိပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**ပထမအကြိမ်ထိုးနှံပေး**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်၌ ကျောင်းအပ်နှံထားပြီး အမှန်တကယ်ကျောင်းတက်ရောက်နေကြသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား အောက်တိုဘာ ၁၇ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းဖြစ်ရာ အောက်တိုဘာ ၂၃ ရက် စာရင်းအရ အထက်တန်းကျောင်းသား ကျောင်းသူ ၃၄၈ ဦးနှင့် အလယ်တန်းကျောင်းသား ကျောင်းသူ ၆၆၂ ဦးတို့အား ဆေးထိုးစုရပ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း၊ ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ လက်ရှိပညာသင်ကြားလျက်ရှိသော အထက်တန်းကျောင်းသားကျောင်းသူ ၁၅၂၁၀ နှင့် အလယ်တန်းကျောင်းသားကျောင်းသူ ၄၀၉၁၉ ဦးတို့ဖြင့် စုစုပေါင်း ၅၆၁၂၉ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှစာရင်းများအရ သိရသည်။

**စိုးမြင့်အောင်**

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။



ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက
တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့
နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး / ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |

## လယ်ဝေးမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းအတွက် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်

**လယ်ဝေး အောက်တိုဘာ ၂၄**

လယ်ဝေးမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး အသံချဲ့စက်ဖြင့် ကြိုတင်အသိပေးနှိုးဆော်ခြင်းကို ယနေ့နံနက် ၈ နာရီက ရပ်ကွက်၊ ကျေးရွာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်များ၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် လယ်ဝေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နေပြည်တော်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများအား ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံကြပါစို့၊ ကျောင်းနေအရွယ်ကလေးများအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့် ဒေသတွင်းနိုင်ငံများ၊ ကာကွယ်ဆေးမထိုးနှံပေးရမည့် ကျောင်းသားကျောင်းသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ နောက်ဆက်တွဲပြဿနာများနှင့် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့် ကျောင်းသားကျောင်းသူများအား မိဘအုပ်ထိန်းသူ သဘောတူခွင့်ပြုချက် ရယူနိုင်ရေး ကြိုတင်အသိပေးလိုသည့် အချက်များကို ပြည်သူများသိရှိစေရန် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပေးနှိုးဆော်ချက်များ မြန်မာ-ကယား နှစ်ဘာသာဖြင့် ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၂၄**

လွိုင်ကော်မြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များကို ပြည်သူများ ပိုမိုသိရှိလိုက်နာနိုင်ရေး အသိပေးနှိုးဆော်မှုများအား ရပ်ကွက်များ၊ ကျေးရွာများနှင့် လူစည်ကားရာနေရာများတွင် မြန်မာ၊ ကယား နှစ်ဘာသာဖြင့် အသံချဲ့စက်များ၊ လက်ကိုင်စကားပြော အသံချဲ့စက်ဖြင့် သတိပေးနှိုးဆော်မှုများကို လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က နေ့စဉ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း လွိုင်ကော်မြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်သည်။

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေမှာ ဇွန် ၂၉ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်းမှာ ၄၅၃၁ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၀၄၂ ဦးရှိကာ ယနေ့ပိုးတွေ့သေဆုံးသူနှစ်ဦးရှိပြီး ဘောလခဲမြို့နယ်နှင့် မယ်စဲ့မြို့နယ်မှဖြစ်ကာ စုစုပေါင်းသေဆုံးသူ ၁၈၈ ဦးရှိကြောင်း ကယားပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၂၂-၁၀-၂၀၂၁ ရက်နေ့မှအဆက်**

“လောကမှာ မိန်းမဆိုတာ ပေါပါတယ် ခင်မောင်ညွှန့်။ တကယ်တမ်း မင်းသာ ပညာဆက်မသင်ချင်ဘူး၊ အိမ်ထောင်ပြုချင်ပြီဆိုရင် မင်းနဲ့ထိုက်တန်တဲ့ မိန်းမတစ်ယောက်ကို မင်းမရှာရပါဘူး။ တို့ရှာပေးမှာပေါ့။ တို့နဲ့ အတန်းညီမျှတဲ့အထဲက ခေါင်းခေါက်ရွေးယူလို့ရတယ် ခင်မောင်ညွှန့်"

“ကျွန်တော် တစ်ခုပြောပါရစေ ဖေဖေ”

“ဆို”

“ဦးသာကျော်ရဲ့ သမီးနာမည်ဟာ မဝင်းရီပါ။ မဝင်းရီဟာ ဆင်းရဲတာမှန်ပါတယ်။ ဒါပေမဲ့ ရုပ်ရည်အရရော၊ အကျင့်စာရိတ္တရော၊ စိတ်နေစိတ်ထားပါ ဘာတစ်ခုမှ မနိမ့်ကျဘူးလို့တော့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့”

“အင်း အင်း ဆိုစမ်းပါဦး။ ပြီးတော့ ဘာဖြစ်သလဲ”

“အိမ်ထောင်ရေးမှာ အဆင့်အတန်းတူတာ မတူတာဟာ အဓိကမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ် ဖေဖေ”

“အင်း ဆက်ပြောပါဦးမောင်ရာ။ မင်းက ဒါတွေတောင် အတော်သိနေမှကိုး။ အတော်နားလည်နေမှကိုး။ မင်းကို စိန်ပေါလ်ကျောင်းလွှတ်ပြီး ပညာသင်ခိုင်းလိုက်တာ ဒီပညာတွေပါတတ်လာသပေါ့။ ဟုတ်စ”

“မဟုတ်ပါဘူး ဖေဖေ။ ဒါက ကျောင်းစာနဲ့မဆိုင်ပါဘူး။ မပတ်သက်ပါဘူး။ ဒါက ကိုယ့်အသိနဲ့ကိုယ် သိလာတဲ့အသိပါ။ ကိုယ့်ဘာသာကိုယ် တွေးတတ်လာတာပါ။ ချမ်းသာမယ်၊ ဂုဏ်ဒြပ်ချင်း ညီမျှရမယ်။ ဒါမှတစ်ယောက်ကို တစ်ယောက် ချစ်ကြိုက်ရမယ်ဆိုတဲ့ ပညတ်ချက်ဟာ အိမ်ထောင်ရေးမှာ မရှိသင့်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိရမယ်။ မျှတရမယ်။ ကြင်နာတတ်ရမယ်။ ဒါဆိုရင် အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့ရတဲ့ အိမ်ထောင်တစ်ခုဖြစ်လာရလိမ့်မယ်လို့ ကျွန်တော်ထင်တယ် ဖေဖေ”

“ဟေ ဟုတ်လား။ အင်း မင်းပြောမှပဲ ဒါတွေကို ငါနားလည်ရတော့တာပဲ ခင်မောင်ညွှန့်ရဲ့။ ဖအေထက် သားတစ်လကြီးတယ်ဆိုတာ ဒါမျိုးပဲထင်ပါရဲ့”

ဖေဖေ၏မျက်နှာမှာ ပိုမိုတင်းမာလာသည်။ ပိုမိုခက်ထန်လာသယောင်ရှိသည်။ ဖေဖေသည် ကိုကို၏မျက်လုံးအိမ်ကို စိုက်ကြည့်လိုက်သည်။

“ဒီမယ် ခင်မောင်ညွှန့် ငါပြောမယ်။ ငါဟာ မင်းထက်စောပြီး ထမင်းစားတဲ့လူ။ လောကဆိုတာဘာလဲလို့ မင်းထက်ပိုပြီး သိတယ်။ လောကကြီးမှာ ခြယ်လှယ်နေတာဘာလဲ သိလား။ ငွေကွ၊ ငွေ၊ ငွေ၊ လူတွေကို လွှမ်းမိုးနေတာလည်း ငွေပဲ။ ငွေရှိမှ ဂုဏ်ရှိတယ်။ ဂုဏ်ရှိမှ လူရာဝင်တယ်။ လူရာဝင်မှ လူဖြစ်ရကျိုးနပ်တယ်။ နားလည်လား။ လူတွေကို ငွေကအဆင့်အတန်း ခွဲခြားထားတယ်။ မဝင်း။ ဘယ်သူ။ အဲအဲ မဝင်းရီ၊ သူနဲ့မင်းနဲ့အကြားမှာ အကွာခြားကြီးကွာခြားတယ်။ မင်းဟာ ရေနံ့သာ သူဌေးသား၊ သူက တွင်းထိန်းတစ်ယောက်ရဲ့ သမီး ဘယ်လိုမှဆက်စပ်လို့ မရဘူး။ အဲ့ ဆက်စပ်ချင်တယ်ဆိုရင် ညှိယူလို့ရတာ တစ်ခုရှိတယ်။ ဒါကတော့ သူဟာ တို့ကိုမမီရင်တောင်မှ တို့လောက်နီးနီး ချမ်းသာရမယ်။ ဆိုပါတော့ သူဟာ မြင့်တက်လာရမယ်။ ဒါမှမဟုတ်ရင် သူ့ဘဝနဲ့တန်းတူရည်တူဖြစ်တဲ့အထိ မင်းဟာ နိမ့်ကျသွားရမယ်။ သူ့ဘဝထဲကို ဆင်းသွားရမယ်။ ပစ္စက္ခအခြေအနေအရ ဆိုရင် သူဟာဘယ်နည်းနဲ့မှ မြင့်တက်မလာနိုင်ဘူး။ မင်းက ဆင်းရဲဖို့ကျိန်းသေပဲ။ ဒီတော့ မင်းလက်ရှိအခြေအနေကနေ ဆင်းသွားချင်တယ်ဆိုရင်သွား။ ငါမတားဘူး။ အဲ အခု မင်းခံစားနေရတဲ့စည်းစိမ်တွေ၊ ပစ္စည်းတွေနဲ့ပတ်သက်လို့တော့ ခြူးတစ်ပြားတောင် ရလိမ့်မယ်မထင်နဲ့။

“နောက်တစ်ခုက ငါဟာ ဖခင်ပီပီ မင်းကို လူလားမြောက်အောင် မွေးခဲ့တယ်။ ကျွေးမွေးသုတ်သင်ခဲ့တယ်။ အကောင်းဆုံးကျောင်းမှာ ပညာသင်ပေးတယ်။ အခုတိုင်အောင်လည်း ငါ့မှာ ဒီတာဝန်ရှိတယ်လို့ မှတ်ယူတယ်။ ငါဖြစ်စေချင်တာက လောကမှာ ငါ့သားသမီးတွေ ဂုဏ်မငယ်ဖို့ပဲ။ မနိမ့်ကျဖို့ပဲ။ ဘယ်သူနဲ့ယှဉ်လိုက်ယှဉ်လိုက် အထက်စီးက နေနိုင်ဖို့ပဲ။ ငါ့ဘက်က တာဝန်ကျေတယ်လို့ ဘယ်သူမဆို ဆုံးဖြတ်ကြမှာပဲ။ ငါ့ဘက်က တာဝန်ကျေပေမဲ့ မင်းဘက်က တာဝန်မကျေဘူး။ ငါထားသလို မနေဘူး။ ငါက ပလ္လင်ပေးတင်ထားပေမဲ့ မင်းက ခုန်ဆင်းချင်နေတယ်။ ဒီအတွက် ငါ မင်းကို အခု အချိန်မှာ အပြစ်မပြောသေးဘူး။ မင်းဟာ မင်းစဉ်းစား။ တွေး။ ချင့်ချိန်။ မင်းရဲ့ အသက်အရွယ်ဟာလည်း ငယ်တော့တာမှ မဟုတ်ဘဲကလား။ ထိုက်သင့်သလောက် ပညာတတ် နေပြီမဟုတ်လား။ ဒါနဲ့မှ ဇွတ်တိုးမိုက်ချင်တယ်ဆိုရင်လည်း မိုက်ပေတော့မောင်။ အတော် ကြာမှ ငါ့အဖေဟာ စိမ်းကားလှချည်လားလို့ မဆိုလေနဲ့”

**မဟုတ်ပါဘူး ဖေဖေ။ ဒါက ကျောင်းစာနဲ့မဆိုင်ပါဘူး။ မပတ်သက်ပါဘူး။ ဒါက ကိုယ့်အသိနဲ့ကိုယ် သိလာတဲ့အသိပါ။ ကိုယ့်ဘာသာကိုယ် တွေးတတ်လာတာပါ။ ချမ်းသာမယ်၊ ဂုဏ်ဒြပ်ချင်း ညီမျှရမယ်။ ဒါမှ တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်ရမယ်ဆိုတဲ့ ပညတ်ချက်ဟာ အိမ်ထောင်ရေးမှာ မရှိသင့်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရမယ်။ မျှတရမယ်။ ကြင်နာတတ်ရမယ်။ ဒါဆိုရင် အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့ရတဲ့ အိမ်ထောင်တစ်ခုဖြစ်လာ . . .**

ကိုကိုသည် ဖေဖေ့ကို စူးစိုက်ကြည့်နေသည်။ မျက်လုံးများမှာ အင်အားရပ်တစ်ခုခုကြောင့် တောက်ပြောင်လာ သလိုရှိသည်။ သူသည် တစ်စုံတစ်ခုပြောတော့မည်ပြုသည်။ ယင်းအခိုက်မှာပင်။

“သား”

ရုတ်တရက် မေမေ၏ အသံပေါ်ထွက်လာသည်။ မေမေသည် ဧည့်ခန်းနှင့် ထမင်းစားခန်း ဆက်စပ်ထားရာ တံခါးပေါက်တွင်ရပ်နေကြောင်း တွေ့ကြရသည်။

ရုတ်ခြည်းဆိုသလို ပေါ်ထွက်လာသော မေမေ့အသံကြောင့် ကိုကိုသည် စကားမပြောဖြစ်တော့ဘဲ မေမေ့ကို လှည့်ကြည့်သည်။ မေမေ၏ ရုပ်သွင်သည် ဆယ်နှစ်မက ပိုမိုအိုစာသွားသည်ဟု ထင်ရသည်။ ကိုကို့အား စူးစူးစိုက်စိုက်ကြည့်နေသည်။ မျက်နှာသွင်ပြင်အရ မေမေသည် ကိုကို့အား စကားမပြောရန် တောင်းပန်နေသလိုဖြစ်သည်။ တိုးလျှိုးနေသလို ဖြစ်သည်။ မျက်လုံးများက ယင်းအဓိပ္ပာယ်ကို ဖော်ပြနေကြသည်။

ကိုကိုသည် မေမေ၏ အရိပ်အသွင်ကို နားလည်နိုင်ဟန်တူသည်။ အသံထွက်မလာလေတော့။ စိတ်ကိုချုပ်တည်းလိုက်ရပုံပေါ်သည်။

ဖေဖေ၏ အသံ ဆက်လက်ထွက်ပေါ်လာသည်။

“မင်းကိုမင်း လမ်းနှစ်ခွမှာ ရောက်နေတဲ့ လူလို သဘောထား၊ ဘယ်လမ်းကို လိုက်ရမလဲဆိုတာ စဉ်းစား။ မင်းကောင်းမယ်ထင်တဲ့ လမ်းကိုရွေးပေါ့။ အဲဒါကို ကျောင်းပြန်မဖွင့်ခင်မှာ ပြတ်ပြတ်သားသား အဖြေပေး ခင်မောင်ညွှန့်။ ငါအလဟဿ ငွေကုန်ကြေးကျမခံနိုင်ဘူး”

ကိုကို၏ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည်ရှိသည်။ လည်ပင်းစလုတ်မှာ လှုပ်ရှားနေသည်။ ဖေဖေ့ဘက်သို့ ပြန် လှည့်ကြည့်လာသော အကြည့်မှာ စူးရှသည်။ နာကြည်းဟန်ပါနေသည်။ ကိုကိုသည် ချက်ချင်းမှာပင် ခေါင်းကို ငုံ့ပစ်လိုက်ပါသည်။

“တစ်ခု သတိပေးရဦးမယ်။ အဲလို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးခင်မှာ ကိုသာကျော်အိမ်ဘက်ကို မသွားဖို့ဘဲ။ ငါ့အိမ်ပေါ်မှာ ရှိသေးသရွေ့ သူတို့နဲ့ အဆက် အဆံမလုပ်ဖို့ဘဲ။ ဘာကြောင့်လဲဆိုတော့ မင်းသိတဲ့အတိုင်း တို့များဟာ အုပ်ချုပ်ရေးဘက်တို့၊ ဘီအိုစီအရာရှိတို့နဲ့ ကင်းနိုင်တာမဟုတ်ဘူး။ သပိတ်ကိစ္စမှာ ပါတဲ့ လူတွေနဲ့တို့နဲ့ အဆက်အသွယ်ရှိတယ်ဆိုရင် တစ်ဖက်မှာ မျက်နှာပူစရာ အင်မတန်ကောင်းတယ်။ ကိုသာကျော်က သပိတ်ကိစ္စမှာ ရှေ့ဆောင်ခေါင်းရွက် လုပ်တဲ့လူ။ သူ့မွေးစားသား ညိုထွန်းဆိုတဲ့ ကောင်က မိုက်တိမိုက်ကန်းနဲ့။ အခု မကွေးထောင်မှာ အဖမ်းခံထားရဆိုလားပဲ။ ဒီကောင်ကလေးဟာ တော်မလိုလိုနဲ့ မိုက်တဲ့ သတ္တဝါကလေး။ သူ့အဖေ ညွှန့်မောင်ဆိုတာ တို့များရဲ့ တွင်းကို တူးဖူးတယ်။ တွင်းတစ်တွင်း တူးရင်း တွင်းညှပ်လို့ သေသွားတယ်။ ဒီတုန်းက သူ့မှာ အားကိုးအားထားမရှိလို့ သနားတာနဲ့ အိမ်မှာခေါ်မွေးစားဖို့တောင် စိတ်ကူးရသေးတယ်။ မမွေးစားမိလို့ တော်သေးတာပေါ့။ မွေးစားမိခဲ့ရင် အခက်ပဲ”

ဖေဖေသည် သည်တွင် စကားကို အဆုံးသတ်လိုက်သည်။ ဆက်ပြောချင်ဟန်လည်း မတူတော့။ ထမင်းစားခန်းမှ မေမေ့ကို လှမ်းပြောသည်။

“ကိုင်း ထမင်းစားကြစို့”

ဖေဖေ၏အကျင့်မှာ ယင်းသို့ပင်ဖြစ်သည်။ သူပြောလိုသည်ကိုသာ ဆက်တိုက်ပြောသည်။ အခြားသူပြောသော စကားကို သည်းခံနားထောင်ချင်စိတ်မရှိ။ ထိုနည်းတူပင် သူဖြစ်စေချင်သော အရာကို သိသည်။ သူတစ်ပါး၏ အခက်အခဲနှင့် ခံစားမှုကို လျစ်လျူရှုထားလေ့ရှိသည်။

သို့ဖြင့် ကိုကို၏ ပြဿနာမှာ တိမ်မယောင်နှင့်နက်။ လွယ်မယောင်နှင့် ခက်လာရသည်။ ရင်မှာ ကျဉ်းကျပ်လှိုက်မောဖွယ် အဖြစ်အပျက်များ ဖြစ်ပျက်လာရသည်။

ခင်ခင်ကြီးသည် ကိုကို့အဖြစ်ကို စံနမူယူပါသည်။ ကိုကိုနှင့် ပတ်သက်လျှင် ဖေဖေ့သဘောထားကို ရိပ်စားမိနိုင်သည်။ သို့နှင့်အမျှ သူ လွန်ကျူးခဲ့မိသော အပြစ်များအတွက်လည်း ရင်မှာမောသည်ထက် မောလာရသည်။

ထမင်းဝိုင်းသည် တိတ်ဆိတ်သည်။ ငြိမ်သက်သည်။ စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။ မည်သူမျှလည်း ထမင်းကို ဟက်ဟက်ပက်ပက် မစားနိုင်ကြပေ။

ထမင်းစားပြီးလျှင် ဖေဖေ တစ်ရေးအိပ်လေ့ရှိသည်။ ယင်းအချိန်တွင် ထမင်းစားခန်း၌ မေမေ၊ ကိုကိုနှင့် ခင်ခင်ကြီးတို့ ကျန်ခဲ့ကြသည်။ စောစောကအကြောင်းကို ပြန်စသည်။

“သားရဲ့ ဖေဖေ ပြောတာတွေဟာ အမှန်ပဲလားဟင်” မေမေ၏ အမေး။

“အမှန်ပဲ မေမေ”

ကိုကိုက ဖြေသည်။ မေမေ သက်ပြင်းရှိုက်သည်။

“အဲဒီ မိန်းကလေးရဲ့ အကြောင်းကို မေမေက ဘာမှမသိလို့ ဘာမှ မဝေဖန်ချင်ဘူးသား။ ဒါပေမဲ့ ဖေဖေကတော့ ဒီမိန်းကလေးနဲ့ သဘောမတူဘူးဆိုတာ ထင်ရှားနေပြီ”

“ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ မေမေ”

ကိုကိုက မေမေ့ကို အကူအညီတောင်းသောမျက်နှာဖြင့် ကြည့်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



# မုံရွာမြို့နယ်၌ လေးကျွန်းစကြာထိုင်တော်မူဘုရားကြီး တည်ထားလျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

**မုံရွာ အောက်တိုဘာ ၂၄**

မုံရွာမြို့နယ် ဗောဓိတစ်ထောင်ဆရာတော်ကြီး ဆန္ဒတော်အတိုင်း လေးကျွန်းစကြာထိုင်တော်မူဘုရားကြီးကို ၂၀၁၃ ခုနှစ်မှစ၍ နာယကဆရာတော် ငါးပါးက ဆက်လက်တည်ထားလျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း နာယကဆရာတော် ဦးဣန္ဒောဘာသထံမှ သိရသည်။

"ဆရာတော်ဘုရားကြီးရှိစဉ်က လျောင်းတော်မူဘုရားကြီးကို ၁၉၉၁ ခုနှစ်မှာ တည်ခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာ ရပ်တော်မူဘုရားကြီးကို စတင်တည်ခဲ့တယ်။ ဆရာတော်ကြီးဟာ ၄၆ နှစ်တိုင်တိုင် သာသနာပြုလုပ်ငန်းတွေကို မနေမနားပြုလုပ်ရင်း ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှာ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါတယ်။ ဆက်လက်ပြီး ဆရာတော်ကြီးဆန္ဒအတိုင်း ထိုင်တော်မူဘုရားကြီးကို ၂၀၁၃ ခုနှစ်မှာ နာယကဆရာတော် ငါးပါးက ဆက်လက်တည်ဆောက်ခဲ့ပါတယ်"ဟု ဦးဣန္ဒောဘာသက မိန့်တော်မူသည်။

မုံရွာမြို့နယ် ခတ္တာကန်ရွာမဟာဗောဓိတစ်ထောင်ကျောင်းတိုက်ကြီးကို ၁၃၂၂ ခုနှစ်က ဗောဓိတစ်ထောင်ဆရာတော်ဖြစ်လာမည့် အရှင်နာရဒက ရွာဦးကျောင်းတွင် ဗောဓိပင်တစ်ထောင် စတင်စိုက်ရာမှ မဟာဗောဓိတစ်ထောင်ဆရာတော်ဟု နာမည်ကျော်လာခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဗောဓိပင်တစ်သောင်းနှင့် ဓမ္မစကြာရုပ်ပွားတော် တစ်သောင်းခန့် တည်ရှိနေပြီဖြစ်သည်။

ရွှေလှံစေတီ၊ သံသရာအေးဘုရား၊ ဒီပါအေးဘုရား၊ ဇမ္ဗူဒီပချွတ်ခန်းရုပ်ပွားတော်များ၊ ဆင်ခံမြင်းရံဘုရားများနှင့် ၁၉၈၀ ပြည့်နှစ်တွင် အောင်စကြာစေတီတော်တို့ကို တည်ထားခဲ့သည်။

၁၃၁၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဒီပဲယင်းနှင့် အရာတော်မြို့နယ်ရှိ မြရိပ်တောကြီးအတွင်း ပေါ်တော်မူဘုရားများ စတင်တူးဖော်ခဲ့သည့်အတွက် ဗောဓိတစ်ထောင်ဆရာတော်မဖြစ်ခင် ပေါ်တော်မူကိုယ်တော်လေးဟု စတင်နာမည်ကျော်ခဲ့သည်။

ဗောဓိတစ်ထောင်ဆရာတော်ကြီးကို ၁၉၃၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အဖဦးထွန်းမြတ် အမိဒေါ်စောမြိုင်တို့က မုံရွာခရိုင် အရာတော်မြို့နယ် ရွှေတွင်းကုန်းကျေးရွာတွင် ဖွားမြင်ခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် ကိုးဆူတောရကျောင်းတိုက်တွင် ရှင်သာမဏေပြုခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရဟန်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

လူလေး

> "အဂတိပယ်ခွာ ပြည်သာယာ"
> Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



# မင်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးသူ ၇၀၉၀ ရှိပြီဖြစ်

**အထက်မင်းလှ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အတွင်းရှိသတ်မှတ်ထားသည့် ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ်၌ မသန်စွမ်းသူများနှင့်နာတာရှည်ရောဂါနှင့် မကူးစက်နိုင်သောရောဂါရှိသူများကို စက်တင်ဘာလ ဒုတိယပတ်က ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

မင်းလှမြို့နယ်၌ ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက စတင်ထိုးနှံပေးခဲ့ရာ အောက်တိုဘာ ၂၃ ရက်အထိ ကာကွယ်ဆေးလာရောက်ထိုးနှံသူ ၇၀၉၀ ရှိကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

# ပွင့်ဖြူမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ပွင့်ဖြူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကို ယနေ့ နံနက်ပိုင်းက ဆေးထိုးစုရပ်လေးနေရာတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဒုတိယအကြိမ် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးထိုးစုရပ် လေးနေရာဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၊ လယ်ကိုင်းကျေးရွာ အထကကျောင်း၊ ကုန်းဇောင်းကျေးရွာ အထကကျောင်း၊ မဲဇလီကျေးရွာ အထကကျောင်းတို့တွင် ကျန်းမာရေးဝန်ထမ်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ဆေးထိုးစုရပ်လေးနေရာတွင် ဒုတိယအကြိမ် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၁၂၂၅ ဦးရှိကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါအန္တရာယ် ကင်းဝေးစေရန်နှင့် ကူးစက်ပြန့်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ကာကွယ်ဆေး မထိုးနှံရသေးသူများအား ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေး စနစ်တကျ ထိုးနှံပေးလျက်ရှိပြီး သက်ဆိုင်ရာဆေးထိုးစုရပ်များတွင် ဒေသခံပြည်သူများက စိတ်အားထက်သန်စွာ ကာကွယ်ဆေးများ လာရောက်ထိုးနှံကြကြောင်းလည်း သိရသည်။

ယခု ဒုတိယအကြိမ် ကာကွယ်ဆေးကို လူဦးရေ ၁၁၀၀၀ အား ထိုးနှံပေးရမည်ဖြစ်ကာ ယနေ့အထိ ၇၀၇၂ ဦးအား ကာကွယ်ဆေး ထိုးနှံပြီးစီးပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေး ထိုးနှံပေးရန် ကျန်ရှိသူများကိုလည်း ကာကွယ်ဆေးသွားရောက်ထိုးနှံရေးအတွက် သက်ဆိုင်ရာနယ်မြေအလိုက် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက အသံချဲ့စက်ဖြင့် နေ့စဉ်အသိပေး နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# နမ္မတူမြို့နယ် မြို့မဈေးအတွင်းရှိ ဈေးရောင်းသူ/ဝယ်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေး

**နမ္မတူ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကွင်းဆက် ပြတ်တောက်ပြီး အမြန်ဆုံး ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်းရှိ ဈေးရောင်းသူ/ဝယ်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် အခမဲ့ စစ်ဆေးဆောင်ရွက်သည်။



**အခမဲ့စစ်ဆေးပေး**

ထိုသို့ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ဈေးရောင်းသူ/ဝယ်သူ ၂၄၁ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် အခမဲ့စစ်ဆေးပေးခဲ့ရာ ဈေးရောင်းချသူ တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နမ္မတူမြို့နယ်၌ ဇွန် ၁၆ ရက်မှ ယနေ့နံနက်ပိုင်းအထိ ကိုဗစ်ပိုးတွေ့ရှိသူ ၆၉၆ ဦးရှိပြီး ကျန်းမာရေးကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိသူ ၆၄၁ ဦး၊ သေဆုံးသူ ၂၂ ဦး ရှိပြီး ဆေးကုသဆဲ ပိုးတွေ့လူနာ ၃၃ ဦးရှိကြောင်း နမ္မတူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လူမော်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ် ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည် ရေလျှောင်တမံရေပိုလွှဲမှ ဆက်လက်ရေကျော်လျက်ရှိ

**မြို့သစ် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည် ရေလှောင်တမံရေပိုလွှဲမှ ယနေ့နံနက်ပိုင်းတွင် ဆက်လက်ရေကျော်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ လက်ရှိရေမှတ်မှာ ၅၆၀ ဒသမ ၈၀ ပေရှိသည့်အတွက် ရေပြည့်အမှတ်ထက် သုည ဒသမ သုံးပေခန့်၊ စွန်ဆည်ရေလှောင်တမံ၏ လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၃၀ ပေ ရှိသည့်အတွက် ရေပြည့်အမှတ်ထက် သုည ဒသမ သုံးပေခန့်၊ ပုလင်းဆည် ရေလှောင်တမံ၏ လက်ရှိရေမှတ်မှာ ၆၈၅ ဒသမ ၂၀ ပေရှိသည့်အတွက် ရေပြည့်အမှတ်ထက် သုည ဒသမ နှစ်ပေခန့် ရေပိုလွှဲမှ ဆက်လက်ရေကျော်လျက်ရှိကြောင်း သိရသည်။

ဆဒ္ဒန်ဆည်၊ စွန်ဆည်နှင့် ပုလင်းဆည် ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေကျော်မှုရှိသော်လည်း ဆည်များ၏ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်၍ ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီအသိပေးနှိုးဆော်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**



# ကံမမြို့နယ်၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၈၀ ထုတ်လုပ်နိုင်မည့်စက်ရုံ စတင်လည်ပတ်

**ကံမ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများနှင့် အရေးပေါ်လူနာများအတွက် အောက်ဆီဂျင် လုံလောက်စွာရရှိစေရန် တည်ဆောက်ခဲ့သည့် အောက်ဆီဂျင်စက်ရုံကို ယမန်နေ့ နေ့လယ်ပိုင်းမှစတင်၍ လည်ပတ်လျက်ရှိပြီး အောက်ဆီဂျင်များ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သည်။

**ထောက်ပံ့**

